ကြေးမုံ
The Mirror

၁၃၇၁ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်၊ တနင်္ဂနွေနေ့၊ (26-4-2009) (၆၀၂၀)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ရရှိဖြစ်ထွန်းအောင် အပြန်အလှန် စာနာမှု၊ အပြန်အလှန် ကြည်ဖြူခွင့်လွှတ်မှု၊ အပြန်အလှန် ရိုင်းပင်းကူညီမှု စသည့် နိုင်ငံသူ၊ နိုင်ငံသား တိုင်းရင်းသားပြည်သူများ၏ ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် အတူတကွလက်တွဲပြီး ပူးပေါင်းဆောင်ရွက်ခဲ့ကြသည့်အတွက် ယခုဆိုလျှင် မူဝါဒလမ်းစဉ် (၇)ရပ်၏ စတုတ္ထအဆင့် ပြီးစီးအောင်မြင်ကာ ပဉ္စမအဆင့်ကို ကူးပြောင်းအကောင်အထည်ဖော် ဆောင်ရွက်နေ။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကျိုင်းတုံလေဆိပ် လေယာဉ်ပြေးလမ်း ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများသည် ငြိမ်းချမ်းသည့် နိုင်ငံတော်၏ အရိပ်အာဝါသအောက် စုစည်းရောက်ရှိလာပြီး တိုင်းရင်းသားအချင်းချင်း အပြန်အလှန် ယုံကြည်မှု၊ နားလည်မှုများနှင့် အမျိုးသားစည်းလုံးညီညွတ်မှုကို ခိုင်ခိုင်မာမာတည်ဆောက်နိုင်ပြီ

ယခင်က သေနတ်သံ၊ ပုံးသံများဖြင့် ယမ်းငွေ့လွှမ်းနေသည့် နယ်စပ်ဒေသများသည် ယခုဆိုလျှင် ငြိမ်းချမ်းမှု၊ စည်းလုံးညီညွတ်မှု နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်း အကျိုးသက်ရောက်မှုတို့ကြောင့် ပြည်ထောင်စုကြီး၏အတွင်းပိုင်းဒေသများနှင့်မခြား ဖွံ့ဖြိုးစည်ပင်လာ

နေပြည်တော် ဧပြီ ၂၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ ရောက်ရှိနေသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့နံနက် ၇ နာရီ မိနစ် ၅၀ တွင် ကျိုင်းတုံမြို့ရှိ ကျိုင်းတုံလေဆိပ်၌ ကျင်းပသည့် လေယာဉ်ပြေးလမ်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး လေယာဉ်ပြေးလမ်း ဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဖြိုး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တိုင်းရင်းသားရိုးရာအကအဖွဲ့ဝင်များ၊ မင်္ဂလာစည်တော်အဖွဲ့ဝင်များ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မရှိမဖြစ်လိုအပ်သည့် အခြေခံလိုအပ်ချက်တစ်ချက်မှာ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်စေရေး ဖြစ်ကြောင်း။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳

ကြေးမုံ
The Mirror
၂၆-၄-၂၀၀၉
(တနင်္ဂနွေနေ့)

အရည်အချင်းမြင့်ပညာတတ်များပေါ်ထွန်းလာရေး လေ့ကျင့်ပျိုးထောင် သင်ယူမှုပတ်ဝန်းကျင် တိုးတက်ကောင်းမွန်အောင် ကြိုးပမ်းဖော်ဆောင်

ပညာရေးအဆင့်အတန်း မြင့်မားမှုသည် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာနှင့် အဆင့်အတန်းကို ဖော်ညွှန်းပြဆိုနေသည်။ ပညာခေတ်၏ စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရေး၊ မြော်မြင်သုံးသပ်နိုင်ရေးအတွက် အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းကို ဖန်တီးပေးနိုင်သည့် ပညာရေးစနစ် ဖြစ်ထွန်းလာစေရန် နိုင်ငံတော်က ကြိုးပမ်းဖော်ဆောင်ပေးနေသည်။

နိုင်ငံတော်တွင် အမျိုးသားပညာရည် မြင့်မားရေးအတွက် အနှစ်(၃၀) နှစ်ရှည်စီမံကိန်းဖြင့် တစိုက်မတ်မတ် အကောင်အထည်ဖော်လျက်ရှိရာ ဒေသအလိုက် လူ့စွမ်းအားအရင်းအမြစ်များပေါ်ထွန်းလျက်ရှိသည်။ လူတိုင်းအတွက် ပညာရေးရည်မှန်းချက်နှင့်အညီ စာတတ်မြောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ကြိုးပမ်းလျက်ရှိရာ အခြေခံပညာရေးကဏ္ဍတွင် သူငယ်တန်းကျောင်းဝင်ရောက်မှုနှုန်း နှစ်စဉ် တိုးတက်လာသည်ကို တွေ့ရသည်။

ပညာရေးကဏ္ဍတစ်ခုလုံးအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့်အညီ အသိပညာ၊ အတတ်ပညာ၊ နည်းပညာဆိုင်ရာ လိုအပ်ချက်များနှင့် ဝိဇ္ဇာ၊ သိပ္ပံပညာရပ်များ တိုးတက်မြင့်မားစေရန် မြှင့်တင်အားထုတ်လျက်ရှိသည်။ အထူးသဖြင့် လူငယ်လူရွယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန် စာပေပညာရပ်များကိုသာမက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်နှင့် စာရိတ္တမဏ္ဍိုင် တည့်မတ်ခိုင်မာပြည့်ဝစွာ ဖြစ်ထွန်းလာစေရေး လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိသည်။

ဆရာ၊ ဆရာမများသည် အမျိုးသားပညာရည် မြင့်မားရေးအတွက် အခြေခံအကျဆုံး တာဝန်များကို ထမ်းဆောင်လျက်ရှိရာ တပည့် ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံ့သားကောင်း အရည်အသွေး၊ ပညာရပ်ဆိုင်ရာ စွမ်းအားနှင့် နိုင်ငံကြီးသားစိတ်ဓာတ်များ ပြည့်စုံစေရေး သင်ကြားပေးကြရမည်ဖြစ်သည်။တစ်ချိန်တည်းတွင် ကျောင်းစည်းကမ်း၊ ရပ်ရွာစည်းကမ်းနှင့် နိုင်ငံတော် တရားဥပဒေတို့ကို လေးစားလိုက်နာတတ်ရေး သင်ကြားပျိုးထောင်ပေးကြရမည်ဖြစ်သည်။

ယခုအခါ နိုင်ငံတစ်ဝန်းတွင် အခြေခံပညာကျောင်းများ၊ အဆင့်မြင့်ပညာရပ်ဆိုင်ရာ တက္ကသိုလ်၊ ကောလိပ်များကို တိုးချဲ့တည်ဆောက်ပေးထားရာ ခေတ်မီအီလက်ထရွန်နစ် သင်ကြားမှုစနစ်များကို ထူထောင်နိုင်ပြီဖြစ်သည်။ ယင်းသို့ ပညာရေးပတ်ဝန်းကျင်ကောင်းများကို ဖန်တီးပေးနိုင်မှုနှင့်အတူ သင်ယူမှုပတ်ဝန်းကျင် တိုးတက်ကောင်းမွန်ရေးအတွက် ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင် ပြည်သူများက လက်တွဲညီ ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်က အမျိုးသားပညာရည် မြင့်မားရေးလုပ်ငန်းစဉ်၊ ပညာရေးပတ်ဝန်းကျင်ကောင်းများကိုတည်ဆောက်ဖော်ဆောင်ပေးလျက်ရှိရာ ဆရာ၊ ဆရာမများက တပည့်များအား စေတနာ စွမ်းအားအပြည့်အဝထား၍ လေ့ကျင့်ပြုစု ပျိုးထောင်ပေးခြင်းဖြင့် ပညာပြည့်ဝနှလုံးလှသည့် နိုင်ငံ့သားကောင်း လူရည်မွန်များ ပိုမိုပေါ်ထွက်လာမည်ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြောက်ဥက္ကလာပမြို့နယ်အတွင်း ဝမ်းပျက် ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၅

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်သည် မေ ၂၃ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ်အတွင်း ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ရေကောင်းရေသန့်ရရှိရေး ဆောင်ရွက်နေမှုတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ တိုင်းမှူးသည် မွန်းလွဲ ၁ နာရီခွဲတွင် မြောက်ဥက္ကလာပစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီရုံးသို့ ရောက်ရှိရာ အစည်းအဝေးခန်းမ၌ တိုင်းကျန်းမာရေးဦးစီးဌာနမှူးနှင့် မြို့နယ်မှ တာဝန်ရှိသူတို့က တိုင်းအတွင်းနှင့် မြို့နယ်အတွင်း ရောဂါဖြစ်ပွားမှု၊ ထိန်းချုပ်ထားနိုင်မှု၊ ကြိုတင်ကာကွယ်ရေးဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ရေကောင်းရေသန့်ရရှိရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူးနှင့် ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူတို့က ဖြည့်စွက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူးက လိုအပ်သည်များကို ဖြည့်စွက်မှာကြား၍ ထောက်ပံ့ငွေများနှင့် ဘိလပ်မြေများကို ထောက်ပံ့ပေးအပ်ရာ မြို့နယ်ဥက္ကဋ္ဌက လက်ခံသည်။

ယင်းနောက် တိုင်းမှူးသည် မြောက်ဥက္ကလာပမြို့နယ်(၂)ရပ်ကွက်အတွင်း ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ရေကောင်းရေသန့်ရရှိရေးအတွက် သောက်သုံးရေကန်များ ပြုပြင်ဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ ယာယီဆေးခန်း၌ ယင်လုံအိမ်သာခွက်နှင့် ပိုက်များကို မြို့နယ်နှင့် ရပ်ကွက်တို့မှ တာဝန်ရှိသူများအား ပေးအပ်ပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် မှော်ဘီမြို့နယ်ရှိ ရန်ကုန်တိုင်းစစ်ဌာနချုပ် အမှတ်(၂) မွေးမြူရေးစခန်း(မှော်ဘီ)သို့ ရောက်ရှိရာ စခန်းတာဝန်ခံက ဥစားကြက် မွေးမြူထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားကာ ကြက်ခြံအတွင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဓာတုဗေဒပထမနှစ် ကျောင်းသားဟောင်းများ မိတ်ဆုံစားပွဲ

ရန်ကုန် မေ ၂၅

ရန်ကုန်တက္ကသိုလ် (ဗိုလ်တထောင်နယ်မြေ)တွင် ၁၉၈၃-၁၉၈၄ ခုနှစ် ပညာသင်နှစ်၌ ဓာတုဗေဒ ပထမနှစ်ကို တက်ရောက်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏(၁၁)ကြိမ်မြောက် မိတ်ဆုံစားပွဲကို မေ ၁ ရက် (သောကြာနေ့) နံနက် ၁၀နာရီမှ မွန်းလွဲ ၁ နာရီအထိ ဗဟန်း(၃)လမ်း မှတ်တိုင်အနီး မဟာမြိုင်ကျွန်း Western Park Royal ရေကူးကန်ဘေးခန်းမ၌ ကျင်းပမည်ဖြစ်ရာ ၁၉၈၃-၁၉၈၄ခုနှစ် ပညာသင်နှစ်၌ ဓာတုဗေဒပထမနှစ်ကို တက်ရောက်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး တက်ရောက်နိုင်ကြကြောင်း သိရှိရသည်။

(ကြေးမုံ)

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန် တာချီလိတ်မြို့ရှိ မြန်မာ-ထိုင်း ဝင်/ထွက် ဂိတ်တံတားအမှတ်(၁)တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၌ လုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှုများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၅

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်သည် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပြည်နယ်ဦးစီးဌာနမှူး ဦးစိုးပိုင်မြင့်နှင့်အတူ မေ ၁၃ ရက် မွန်းလွဲ ၁ နာရီတွင် မိုင်းဆတ်ခရိုင်ဦးစီးဌာနမှူးရုံး၌ မိုင်းဆတ်ခရိုင်နှင့် မိုင်းဆတ်၊ မိုင်းတုံ၊ ပုံပါကျင်မြို့နယ်တို့မှ ဝန်ထမ်းများအား တွေ့ဆုံသည်။ ဒုတိယဝန်ကြီးသည် မေ ၁၄ ရက် မွန်းလွဲပိုင်းတွင် တာချီလိတ်မြို့သို့ရောက်ရှိပြီး မြန်မာ-ထိုင်း ဝင်/ထွက် ဂိတ်တံတား အမှတ် (၁)နှင့် (၂)တို့ကိုလည်းကောင်း၊ တာချီလိတ်မှ မိုင်းဆတ်၊ တာချီလိတ်မှ မယ်ယမ်း၊ တာချီလိတ်မှ ဝမ်ပုံ၊ ဝမ်ပုံ-လာအို ဝင်/ထွက် ဂိတ်များသို့လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ညပိုင်းတွင် တာချီလိတ်ခရိုင်ဦးစီးဌာနမှူးရုံး၌ တာချီလိတ်ခရိုင်နှင့် မြို့နယ်တို့မှ ဝန်ထမ်းများ၊ စစ်ဆေးရေးဂိတ်များမှ ဝန်ထမ်းများအား တွေ့ဆုံကာ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍လိုအပ်သည်များ မှာကြားသည်။

ဒုတိယဝန်ကြီးသည် မေ ၁၅ ရက် နံနက်ပိုင်းတွင် တာလေမြို့နယ် ဦးစီးဌာနမှူးရုံးကို ကြည့်ရှုစစ်ဆေးပြီး မိုင်းဖြတ်ခရိုင်ဦးစီးဌာနမှူးရုံး၌ မိုင်းဖြတ်ခရိုင်နှင့် မိုင်းဖြတ်၊ မိုင်းယောင်း၊ မိုင်းယုမြို့နယ်တို့မှ ဝန်ထမ်းများအား တွေ့ဆုံကာ ညနေပိုင်းတွင် ကျိုင်းတုံမြို့ရှိ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပြည်နယ်ဦးစီးဌာနမှူးရုံး၌ ပြည်နယ်ရုံးမှ ဝန်ထမ်းများ၊ ကျိုင်းတုံခရိုင်၊ ကျိုင်းတုံ၊ မိုင်းပြင်းနှင့် တုံတာမြို့နယ်တို့မှ ဝန်ထမ်းများအား တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြည့်မြင်တိုင်မြို့နယ်အတွင်း ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေး ပညာပေးဆောင်ရွက်

ရန်ကုန် မေ ၂၅

ကြည့်မြင်တိုင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်ကျန်းမာရေးကော်မတီက သီရိမင်္ဂလာဈေးကြီးအတွင်း ဝမ်းပျက်ဝမ်းလျှောရောဂါကြိုတင်ကာကွယ်ရေးအတွက် ပညာပေးဟောပြောပွဲကို ယမန်နေ့နံနက် ၁၀ နာရီခွဲတွင် သီရိမင်္ဂလာဈေးကြီး အပေါ်ထပ် ဈေးခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးဦး အဖွင့်အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဒေါ်မြမြသွယ်က ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ပညာပေးဟောပြောသည်။

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် မြို့နယ်ကျန်းမာရေးကော်မတီဝင်များက ဈေးကြီးအတွင်း ရောင်းချနေသော စားသောက်ဆိုင်များအား လှည့်လည်ကြည့်ရှုစစ်ဆေးပညာပေး ဆောင်ရွက်ခဲ့ကြောင်းသိရသည်။ (၅၄၆)

မေ ၁ ရက်က ပဲခူးခရိုင် ဒိုက်ဦးမြို့နယ် (၉)ရပ်ကွက် ဖအောင်ဝဲ၌ ပြည်သူ့အလင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက် အအုံသစ် ဖွင့်ပွဲကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း၊ ရပ်ကွက်/ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်ငွေနှင့် စာကြည့်တိုက်ကြီး ကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးလေးချစ်တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်ပေါ်ရေး စည်းလုံးညီညွတ်မှုအင်အားဖြင့် လက်တွဲလျှောက်လှမ်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကျိုင်းတုံလေဆိပ် လေယာဉ်ပြေးလမ်း ဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

✱ ရွှေဖုံးမှ

လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ချောမွေ့လာသည်နှင့်အမျှ ဒေသ၏ ကုန်သွယ်ရောင်းဝယ်မှု၊ ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်စေရန် အထောက်အကူပြုမည်ဖြစ်ကြောင်း၊ တစ်ချိန်တည်းတွင် ဒေသ၏ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးများကိုလည်း ဆက်စပ်တိုးတက်လာစေမည်ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မှုနှင့်အညီ နိုင်ငံတော်ကြီးခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံသူ နိုင်ငံသားများ၏ လူနေမှုဘဝအဆင့်အတန်း မြင့်မားလာစေရေး၊ ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် ဖွံ့ဖြိုးရေးစီမံကိန်းများချမှတ်ပြီး ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ရှမ်းပြည်နယ်၌လည်း နိုင်ငံတော်အစိုးရ၏ အထူးဖွံ့ဖြိုးရေးဒေသများ စီမံကိန်းအရ ကျိုင်းတုံဒေသ၊ တောင်ကြီးဒေသ၊ ပင်လုံဒေသနှင့် လားရှိုးဒေသတို့သည် ခံ့ညားထည်ဝါသော တက္ကသိုလ်များ၊ အဆင့်မြင့် ဆေးရုံကြီးများဖြင့် ဖွံ့ဖြိုးစည်ပင်လာလျက်ရှိသည်မှာ မျက်မြင်ပင်ဖြစ်ကြောင်း။

ထို့အတူ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများသည် ငြိမ်းချမ်းသည့် နိုင်ငံတော်၏ အရိပ်အာဝါသအောက်တွင် စုစည်းရောက်ရှိလာပြီး တိုင်းရင်းသားအချင်းချင်း အပြန်အလှန် ယုံကြည်မှု၊ နားလည်မှုများနှင့်အတူ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်မှုကို ခိုင်ခိုင်မာမာ တည်ဆောက်နိုင်ပြီးဖြစ်ကြောင်း၊ ယခင်က သေနတ်သံ၊ ဗုံးသံများဖြင့် ယမ်းငွေ့လွှမ်းနေသည့် နယ်စပ်ဒေသများသည် ယခုဆိုလျှင် ငြိမ်းချမ်းမှု၊ စည်းလုံးညီညွတ်မှု၊ နယ်စပ်ဒေသဖွံ့ဖြိုးရေး အထူးစီမံကိန်း၏ အကျိုးသက်ရောက်မှုတို့ကြောင့် ပြည်ထောင်စုကြီး၏ အတွင်းပိုင်းဒေသများနှင့်မခြား ဖွံ့ဖြိုးစည်ပင်လာနေပြီဖြစ်ကြောင်း။

ယခုကဲ့သို့ ထူးခြားအောင်မြင်နေသည့် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ အရှိန်အဟုန်ဖြင့် တိုးတက်ဖြစ်ထွန်းလာစေရန် ထိထိရောက်ရောက် အထောက်အကူပြုနေသည်မှာ နိုင်ငံတော်တစ်ဝန်းလုံး၌ ဖြန့်ကြက်တည်ဆောက်ပေးလျက်ရှိသော လမ်းမကြီးများ၊ မြစ်ကူးချောင်းကူး တံတားကြီးများအပါအဝင် ပို့ဆောင်ရေးကဏ္ဍဆိုင်ရာ အခြေခံအဆောက်အအုံများ၏ တိုးတက်ဖြစ်ထွန်းမှုများကြောင့်ပင် ဖြစ်ကြောင်း၊ လေကြောင်းပို့ဆောင်ရေးကဏ္ဍ အဆင့်မြှင့်တင်ပေးမှုကို ပြန်ကြည့်မည်ဆိုလျှင် ၁၉၈၈ ခုနှစ်က လေယာဉ်ကွင်း ၂၁ ကွင်းသာ ရှိခဲ့ရာမှ ယခုအခါ လေယာဉ်ကွင်း ၃၂ ကွင်းအထိ တိုးတက်ပေါ်ပေါက်လာခဲ့ပြီဖြစ်သကဲ့သို့ ယခင်က ဖော်ကာ F-28 ဂျက်လေယာဉ်ဆင်းသက်နိုင်သော လေယာဉ်ကွင်း ခုနစ်ကွင်းသာ ရှိခဲ့ရာမှ ယခုဆိုလျှင် ၂၆ ကွင်းအထိ တိုးတက်လာခဲ့ပြီဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက်တွင် ကုန်းမြင့်ဒေသဖြစ်သော ရှမ်းပြည်နယ်၌ အဓိကအားထားရသည့် မော်တော်ကားလမ်းများနှင့် လေကြောင်းလမ်းများကို တိုးချဲ့အကောင်အထည်ဖော်နေသကဲ့သို့ ကုန်းမြင့်ဒေသတစ်လျှောက်တွင် ရထားလမ်းသစ်များကိုလည်း ခက်ခက်ခဲခဲ ဖောက်လုပ်ပေးနေကြောင်း၊ ရွှေညောင်-ရပ်စောက်ရထားလမ်း၊ ရွှေညောင်-တောင်ကြီး-ဆိုက်ခေါင်-နမ့်စန်ရထားလမ်း၊ အောင်ပန်း-လွိုင်ကော်ရထားလမ်းတို့ကို ဖောက်လုပ်ပေးခဲ့ပြီးဖြစ်သကဲ့သို့ နမ့်စန်ကိုရောက်နေသည့် ရထားလမ်းကိုလည်း ကျိုင်းတုံအထိရောက်ရှိအောင် စတင်ဖောက်လုပ်နေပြီဖြစ်ကြောင်း၊ စီးပွားရေး အကျိုးအမြတ်ရရှိရန် မလွယ်ကူသော်လည်း မိမိတို့ တိုင်းရင်းသားညီအစ်ကိုများ၏ ဆက်သွယ်သွားလာမှု လွယ်ကူစေရေးနှင့် လူနေမှုဘဝ မြင့်မားတိုးတက်စေရေးအတွက် ဘက်စုံမှ ဖြည့်ဆည်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

အထူးသဖြင့် ကျိုင်းတုံဒေသသည် လက်နက်ကိုင်သောင်းကျန်းမှု အန္တရာယ်ကြောင့် နှစ်ကာလရှည်ကြာစွာ ငြိမ်းချမ်းမှု၊ လုံခြုံမှုကင်းမဲ့ခဲ့သော ဒေသဖြစ်ခဲ့သည့်အတွက် ကျိုင်းတုံဒေသဖွံ့ဖြိုးရေးကို အလေးထားဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

ကျိုင်းတုံဒေသ၏ ထွက်ပေါက်အဖြစ် တောင်ကြီး-နမ့်စန်-ကျိုင်းတုံ ကားလမ်းအပြင် ရထားလမ်းကြောင်းသစ်အဖြစ် ထပ်မံဖော်ထုတ်နေသကဲ့သို့ ယခုကျိုင်းတုံလေဆိပ်၏ လေယာဉ်ပြေးလမ်းကိုလည်း တိုးချဲ့တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးတိုးတက်လာသည်နှင့်အမျှ ဒေသတွင်း ငြိမ်းချမ်းတည်ငြိမ်မှု ပိုမိုခိုင်မာလာပြီး ကားလမ်း၊ ရထားလမ်းများနှင့် လေကြောင်းလိုင်းများလည်း ပို၍ပို၍ ဖွံ့ဖြိုးစည်ပင်လာမည်ဖြစ်ကြောင်း။

ယခုတည်ဆောက်ပြီးစီးနေပြီဖြစ်သည့် ကျိုင်းတုံလေဆိပ်ကိုပါ အခြေခံပြီးပိုမိုဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း၊ ဒေသခံပြည်သူများကလည်း မိမိတို့၏ စီးပွားရေးလုပ်ငန်းများဖြစ်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို စီးပွားဖြစ်ထုတ်လုပ်နိုင်သည်အထိ တိုးမြှင့်ဆောင်ရွက်သွားစေလိုကြောင်း။

တပ်မတော်အစိုးရက နိုင်ငံတော်တာဝန်ကို ရယူခဲ့ချိန်မှစ၍ တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ခိုင်ခိုင်မြဲမြဲ တည်ဆောက်နိုင်မှသာ တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာမည်ဆိုသည့် ခံယူချက်ဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ရရှိဖြစ်ထွန်းအောင် အပြန်အလှန် စာနာမှု၊ အပြန်အလှန် ကြည်ဖြူခွင့်လွှတ်မှု၊ အပြန်အလှန် ရိုင်းပင်းကူညီမှုစသည့် နိုင်ငံသူ၊ နိုင်ငံသားတိုင်းရင်းသားပြည်သူများ၏ ခိုင်မာသောပြည်ထောင်စုစိတ်ဓာတ်ဖြင့် အတူတကွ လက်တွဲပြီး ပူးပေါင်းဆောင်ရွက်ခဲ့ကြသည့်အတွက် ယခုဆိုလျှင် မူဝါဒလမ်းစဉ် (၇)ရပ်၏ စတုတ္ထအဆင့် ပြီးစီးအောင်မြင်ကာ ပဉ္စမအဆင့်ကို ကူးပြောင်းအကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ဆက်လက်ဖော်ဆောင်မည့် မူဝါဒလမ်းစဉ် (၇)ရပ်၏ အဆင့်များ အောင်မြင်စွာအကောင်အထည်ဖော် ဖြစ်ထွန်းလာစေရေးအတွက် တိုင်းရင်းသား ပြည်သူအားလုံးက ရှည်လျားခိုင်မာသော မြန်မာ့သမိုင်းကြောင်း အစဉ်အလာတို့မှ ပေါက်ဖွားလာသည့် ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်တို့ကိုအခြေခံပြီး တစ်စိတ်တည်း တစ်ဝမ်းတည်း စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် လက်တွဲပူးပေါင်းကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ် ကျင့်သုံးသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဖြစ်ပေါ်လာစေရေးအတွက် ယခုရရှိထားသည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုအင်အားဖြင့် ရည်မှန်းချက်ပန်းတိုင်သို့ မရောက်ရောက်အောင် လက်တွဲလျှောက်လှမ်းသွားကြပါရန်နှင့် နိုင်ငံတော်မှ ငွေကြေးမြောက်မြားစွာ အကုန်အကျခံပြီး တည်ဆောက်ပေးခဲ့သည့် ကျိုင်းတုံလေဆိပ်အပါအဝင် ဖွံ့ဖြိုးတိုးတက်မှု အခြေခံအဆောက်အအုံများသည် ကိုယ့်ခွန်ကိုယ့်အားဖြင့် ရင်းနှီးတည်ဆောက်ထားသော ကျိုင်းတုံဒေသ၏ အခြေခံအုတ်မြစ်ကောင်းများဖြစ်သည့်အတွက် ဂုဏ်ယူတန်ဖိုးထားပြီး ထိန်းသိမ်းစောင့်ရှောက်ကာ ဒေသဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်ထောင်စုတစ်ဝန်းလုံး ဖွံ့ဖြိုးတိုးတက်မှုဆီသို့ တိုးတက်ဖြစ်ပေါ်လာစေရန် ကြိုးပမ်းဆောင်ရွက်သွားကြပါရန် တိုက်တွန်းပြောကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဖြိုးက ရှင်းလင်းတင်ပြရာ၌ ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်စေရေး အကောင်အထည်ဖော်ရာတွင် ခိုင်မာသည့် စီးပွားရေး အခြေခံအဆောက်အအုံ တည်ဆောက်မှုအတွက် မရှိမဖြစ်လိုအပ်ချက်မှာ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်စေရေး ဖြစ်ကြောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက်တွင် လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရေး ကြိုးပမ်းဆောင်ရွက်ကြရာ၌ ပြည်ထောင်စုလမ်းမကြီးများ၊ မြစ်ကူးတံတားကြီးများ၊ မီးရထားလမ်းများ၊ သင်္ဘောကြီးများ၊ သင်္ဘောဆိပ်ကြီးများနှင့် လေယာဉ်ကွင်းကြီးများကို အသစ်တည်ဆောက်ပေးခြင်း၊ တိုးချဲ့တည်ဆောက်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း။ **စာမျက်နှာ ၄ ကော်လံ ၁ သို့** ●

ထူးခြားအောင်မြင်နေသည့် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ အရှိန်အဟုန်ဖြင့် တိုးတက်ဖြစ်ထွန်းလာစေရန် ထိထိရောက်ရောက် အထောက်အကူပြုနေသည်မှာ နိုင်ငံတော်တစ်ဝန်းလုံး၌ ဖြန့်ကြက်တည်ဆောက်ပေးလျက်ရှိသော ပို့ဆောင်ရေးကဏ္ဍ တိုးတက်ဖြစ်ထွန်းမှုများကြောင့်ပင်ဖြစ်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဖြိုးနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့ ကျိုင်းတုံလေဆိပ် လေယာဉ်ပြေးလမ်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ယခင်က F-27 လေယာဉ်သာ ဆင်းသက်နိုင်ခဲ့ပြီး ယခုဆိုလျှင် Y-8 ကုန်တင်လေယာဉ်အမျိုးအစားထိ ဆင်းသက်နိုင်သော ကျိုင်းတုံလေယာဉ်ပြေးလမ်းကြီးအား ယခုမြင်တွေ့ရသည့်အတိုင်း ပေ ၁၀၀၀ × ပေ ၁၅၀ ရရှိသည်အထိ ဆောင်ရွက်နိုင်ခဲ့။

ပြေးလမ်းနှင့် တစ်ဆက်တည်း လေယာဉ်ရပ်နားရန် နေရာကို ၁၈ လက်မထု ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆက်လက်ဆောင်ရွက်ခဲ့ရာ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်၍ ယခုကဲ့သို့ ခေတ်မီ လေယာဉ်ကွင်းကြီး ပီပြင်စွာ ဖြစ်ပေါ်လာခြင်းဖြစ်။

● စာမျက်နှာ ၃ မှ

ဒေသအတွင်းနေ တိုင်းရင်းသားပြည်သူများအနေဖြင့် မော်တော်ကားလမ်းသာမက မြို့တော်ကြီးများဖြစ်သည့် နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့ကြီးများသို့ အချိန်တိုအတွင်း သွားလာနိုင်ရန် ရည်ရွယ်၍ ဒေသအတွင်းရှိ လေယာဉ်ကွင်းများကို တိုးချဲ့တည်ဆောက်ခဲ့ပါကြောင်း။

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဖြိုး ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ကျိုင်းတုံလေယာဉ်ပြေးလမ်းဆိုလျှင် ယခင်က အရှည်ပေ ၄၇၀၀၊ အကျယ်ပေ ၇၀၊ ၁၂ လက်မ အထူသာရှိသဖြင့် လူဦးရေအများဆုံး ၄၄ ဦးသာ စီးနိုင်သော F-27 ဖော်ကာလေယာဉ်ငယ်များသာ ဆင်းသက်နိုင်ခဲ့ကြောင်း၊ ယနေ့ အရှည် ပေ ၈၀၀၀၊ အကျယ် ပေ ၁၅၀၊ ၁၈လက်မအထူ ကျောက်ကတ္တရာအဆင့်ထိ တိုးချဲ့ ဆောင်ရွက်ပြီးစီးသည့်အခါ လူဦးရေ ၈၅ ဦးအထိ စီးနိုင်သော ပိုမိုလျင်မြန်သည့် F-28 ဂျက်လေယာဉ်ကြီးများပါ ဆင်းသက်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ခံနိုင်ရည်အားဖြင့် ပေါင်ချိန် ၁၃၄၄၀၀ ပေါင်ရှိသည့် Y-8 လေယာဉ်ကြီးများအဆင့်အထိ ဆင်းသက်နိုင်အောင် တည်ဆောက်ထားခြင်းဖြစ်ပါကြောင်း၊ လေယာဉ်ရပ်နားရန်နေရာကိုလည်း အလျားပေ ၆၀၀၊ အနံပေ ၁၆၀၊ ၁၈ လက်မအထူ ကွန်ကရစ်ဖြင့် အသစ်တည်ဆောက်ပေးပြီးလည်း ဖြစ်ပါကြောင်း။

ယခုကဲ့သို့ နိုင်ငံတော်အစိုးရက ဖန်တီးလာနေသော အခြေအနေများကို အပြည့်အဝ အသုံးပြု၍ ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် အားကြိုးမာန်တက် ကျရာတာဝန်ကို ကျေပွန်စွာထမ်းဆောင်ရင်း အလုပ်လုပ်ကိုင်သွားပါက ဒေသအတွင်းဖွံ့ဖြိုးတိုးတက်မှုမှာ ပိုမိုအားကောင်းလာမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက ရှင်းလင်းတင်ပြရာတွင် ကျိုင်းတုံမြို့သည် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၏ အဓိကကျသော မြို့ဖြစ်

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကျိုင်းတုံလေဆိပ် လေယာဉ်ပြေးလမ်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

သည့်အပြင် မြန်မာပြည် အရှေ့ဒေသရှိ အချက်အချာကျသော လေဆိပ်မြို့တစ်မြို့ဖြစ်၍ နိုင်ငံတော်အစိုးရက ကျိုင်းတုံလေဆိပ်ကို ဖွံ့ဖြိုးတိုးတက်အောင် တစ်ဆင့်ပြီး တစ်ဆင့် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း။

ကျိုင်းတုံလေဆိပ်၏ မူလလေယာဉ်ပြေးလမ်း အလျားပေ ၄၇၀၀၊ အကျယ်ပေ ၅၀ ရှိ ကျောက်ခင်းလေယာဉ်ပြေးလမ်းကို ကျောက်ကတ္တရာခင်းအဖြစ် အဆင့်မြှင့်တင် တည်ဆောက်ခဲ့ပြီး ၁၉၇၈ ခုနှစ်တွင် လေယာဉ်ပြေးလမ်းအား အကျယ်ပေ ၇၀ အထိ တိုးချဲ့ကာ ဖော်ကာ F-27 လေယာဉ်များ ဆင်းသက်အသုံးပြုခဲ့ကြောင်း။

ဆက်လက်၍ ပြေးလမ်းတိုးချဲ့ခြင်းလုပ်ငန်းအားဆောင်ရွက်ခဲ့ရာ အရှေ့ဘက်ခြမ်းတွင် ပေ ၆၀၀၀ × ၇၅ပေ ကျောက်ကတ္တရာခင်းခြင်း လုပ်ငန်းပြီးစီးခဲ့ကြောင်း။

ဖော်ကာ F-28 လေယာဉ်များ ဆင်းသက်အသုံးပြုနိုင်ရေးအတွက် ၂၀၀၁ ခုနှစ်မှစ၍ လေယာဉ်ပြေးလမ်းတစ်ဖက်တစ်ချက် တောင်ပံဖြင့် မလွတ်ကင်းသော တောင်ဖြိုခြင်းလုပ်ငန်းနှင့် ပြေးလမ်းအရှေ့ဘက်သို့ ပေ ၁၅၀၀×၇၅ပေ တိုးချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့သဖြင့် စုစုပေါင်း ပြေးလမ်းအလျားမှာ ပေ ၇၅၀၀၊ အကျယ် ၇၅ ပေအထိ ရရှိခဲ့ကြောင်း။

လေယာဉ်ပြေးလမ်း ပေ ၈၀၀၀ × ပေ ၁၅၀ ရရှိသည်အထိ တိုးချဲ့ခြင်းလုပ်ငန်းကို ၂၀၀၂ ခုနှစ် မေ ၈ ရက်တွင် စတင်ဆောင်ရွက်ခဲ့ရာ မူလလေယာဉ်ပြေးလမ်း ပေ ၇၅၀၀×၇၅ ပေအား ပြေးလမ်းအရှေ့ဘက်ခြမ်း ပေ ၈၀၀၀×၇၅ပေ ရရှိသည်အထိ တိုးချဲ့ခြင်းနှင့် အနောက်ဘက်ခြမ်း ပေ ၁၃၀၀×၇၅ပေတို့အား ကျောက်ကတ္တရာခင်းခြင်း လုပ်ငန်းကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၀၄ ခုနှစ်တွင် ပုဂ္ဂလိကဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူ၍ ပြေးလမ်းအနောက်ဘက်ခြမ်း ပေ ၁၅၅၀×၇၅ပေ ကျောက်ကတ္တရာခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ကြောင်း။

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

တိုးချဲ့တည်ဆောက်ပြီးဖြစ်သည့် ကျိုင်းတုံလေဆိပ် လေယာဉ်ပြေးလမ်းကို တွေ့ရစဉ်။ (သတင်းစဉ်)

ဆက်လက်ပြီး ၂၀၀၆ ခုနှစ် မတ် ၂၆ ရက်တွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ပြေးလမ်းအနောက်ဘက်ခြမ်း ပေ ၈၀၀၀×၇၅ပေ တစ်ခုလုံးရရှိအောင် ကျောက်ကတ္တရာခင်းခြင်းလုပ်ငန်း ပြန်လည်လုပ်ဆောင်ခဲ့ရာ ယခင်က F-27 လေယာဉ်သာဆင်းသက်နိုင်ခဲ့ပြီး ယခုဆိုလျှင် Y-8 ကုန်တင်လေယာဉ်အမျိုးအစားထိ ဆင်းသက်နိုင်သော ကျိုင်းတုံလေယာဉ်ပြေးလမ်းကြီးအား ယခုမြင်တွေ့ရသည့်အတိုင်း ပေ ၁၀၀၀ × ပေ၁၅၀ ရရှိသည်အထိ ဆောင်ရွက်နိုင်ခဲ့ပြီ ဖြစ်ကြောင်း၊ယင်းအပြင် ပြေးလမ်းနှင့် တစ်ဆက်တည်းလေယာဉ်ရပ်နားရန် နေရာကို ၁၈လက်မထု ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်ခဲ့ရာ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ ယခုကဲ့သို့ ခေတ်မီ လေယာဉ်ကွင်းကြီး ပီပြင်စွာ ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း။

ယခုကဲ့သို့ ကျိုင်းတုံလေဆိပ်လေယာဉ်ပြေးလမ်းနှင့် လေယာဉ်ရပ်နားနေရာတို့အား တိုးချဲ့တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့သကဲ့သို့ ဤဒေသရှိ အခြားလေယာဉ်ပြေးလမ်းများဖြစ်သော ဟဲဟိုးလေယာဉ်ပြေးလမ်းကိုလည်း မူလအလျားပေ ၆၀၁၀၊ အကျယ်ပေ ၅၀ ကျောက်ကတ္တရာအမျိုးအစားမှ အလျားပေ၈၅၀၀၊ အကျယ်ပေ ၁၀၀ နိုင်လွန်ကတ္တရာ အမျိုးအစားရရှိသည်အထိ တိုးချဲ့ခဲ့ရာ ယခင်က F-27 လေယာဉ်သာ ဆင်းသက်နိုင်ခဲ့ပြီး ယခုဆိုလျှင် **စာမျက်နှာ ၅ ကော်လံ ၁ သို့** ✿

❁ စာမျက်နှာ ၄ မှ

ဘိုးရင်း-၇၃၇-၄၀၀ လေယာဉ်အမျိုးအစားထိ ဆင်းသက်နိုင်သော လေယာဉ်ပြေးလမ်းအဖြစ်လည်းကောင်း၊ တာချီလိတ်လေယာဉ်ပြေးလမ်းကိုလည်း မူလအလျားပေ ၄၇၅၀၊ အကျယ်ပေ ၁၀၀ ကျောက်ကတ္တရာ အမျိုးအစားမှ အလျားပေ ၇၀၅၀၊ အကျယ်ပေ ၁၀၀ နိုင်လွန်ကတ္တရာ အမျိုးအစားရရှိသည်အထိ တိုးချဲ့ခဲ့ရာ ယခင် F-27 လေယာဉ်သာ ဆင်းသက်နိုင်ခဲ့ပြီး ယခု ဆိုလျှင် F-28 လေယာဉ်အမျိုးအစားထိ ဆင်းသက်နိုင်သော လေယာဉ်ပြေးလမ်း အဖြစ်လည်းကောင်း၊ မိုင်းဆတ်လေယာဉ်ပြေးလမ်းကိုလည်း F-27 လေယာဉ်များ ရာသီမရွေး ဆင်းသက်နိုင်ရေးအတွက် အဆင့်မြှင့်တင်နိုင်ခဲ့ခြင်းအားဖြင့် နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေးသာမက ဒေသခံပြည်သူများ၏ လူနေမှုအဆင့်မြင့်မားရေးကိုပါ အထောက်အကူဖြစ်လာစေကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူလူထုအပေါ် စေတနာထားရှိမှုကြောင့် ကျိုင်းတုံလေဆိပ်လေယာဉ်ပြေးလမ်းနှင့် လေယာဉ်ရပ်နားရန်နေရာ တိုးချဲ့တည်ဆောက်ခြင်းကို ဖွင့်လှစ်နိုင်ခဲ့သကဲ့သို့ အခြားလေဆိပ်များကိုလည်း ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ဆောင်ရွက်လျက်ရှိကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒေသခံပြည်သူများကိုယ်စား ကျိုင်းတုံမြို့မှ ဦးစိုင်းလျှိုးက ကျိုင်းတုံလေယာဉ်ပြေးလမ်း ဖွင့်လှစ်ပေးသည့်အတွက် နိုင်ငံတော်အစိုးရအား ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လေယာဉ်ပြေးလမ်းဖွင့်ပွဲအခမ်းအနားကျင်းပမည့် မုခ်ဦးရှေ့သို့ သွားရောက်နေရာယူကြသည်။

ထို့နောက် မင်္ဂလာအချိန်ကျရောက်သည်နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဖြိုးနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့က ကျိုင်းတုံလေဆိပ်လေယာဉ်ပြေးလမ်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က လေယာဉ်ပြေးလမ်း ဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဖြိုးနှင့် ဝန်ကြီးများက ဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဒေသခံတိုင်းရင်းသားများနှင့်အတူ လေယာဉ်ပြေးလမ်း ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် တိုးချဲ့တည်ဆောက်ပြီးဖြစ်သည့် လေယာဉ်ပြေးလမ်းကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကျိုင်းတုံလေဆိပ်လေယာဉ်ပြေးလမ်း တိုးချဲ့တည်ဆောက်ခြင်း စီမံကိန်းရှင်းလင်းဆောင်၌ နိုင်ငံတော်ဝန်ကြီးချုပ်အား ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက ကျိုင်းတုံလေဆိပ် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ လေယာဉ်ပြေးလမ်းတိုးချဲ့တည်ဆောက်ပြီးစီးမှုနှင့် လေယာဉ်များဆင်းသက်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကျိုင်းတုံလေဆိပ်၏ မူလလေယာဉ်ပြေးလမ်းမှာ အရှည်ပေ ၄၇၀၀၊ အကျယ်ပေ၇၀နှင့် ဒု ၁၂လက်မရှိ ကျောက်ကတ္တရာလမ်းအမျိုးအစားဖြစ်ပြီး လေယာဉ်ပြေးလမ်းတိုသဖြင့် ဖော်ကာ F-27 လေယာဉ်များသာ ဆင်းသက်နိုင်ခဲ့သည်။

ယင်းလေယာဉ်ပြေးလမ်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက Y-8 လေယာဉ်ကြီးများ ဆင်းသက်နိုင်သည့် လေယာဉ်ပြေးလမ်း ပုံစံထုတ်လုပ်၍ အရှည်ပေ ၈၀၀၀၊ အကျယ်ပေ ၁၅၀ ရှိ ပြေးလမ်းကို တိုးချဲ့တည်ဆောက်ခဲ့သည်။

အလားတူ အလျားပေ ၆၀၀၊ အနံပေ ၁၆၀ နှင့် ဒု ၁၈ လက်မရှိ ကွန်ကရစ် လေယာဉ်ရပ်နားရန် နေရာကိုလည်း တည်ဆောက်ခဲ့သည်။

လေယာဉ်ပြေးလမ်း တိုးချဲ့တည်ဆောက်ပြီးစီးသည့်အတွက် ယခုအခါ ဖော်ကာ F-28 ဂျက်လေယာဉ်များ၊ Y-8 လေယာဉ်ကြီးများ ဆင်းသက်နိုင်ပြီဖြစ်သဖြင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တွင် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် လမ်းပန်းဆက်သွယ်မှု ပိုမိုလွယ်ကူလျင်မြန်ရေးကို အထောက်အကူပြုနိုင်ပြီဖြစ်သည်။

(သတင်းစဉ်)

တိုးချဲ့တည်ဆောက်ပြီးဖြစ်သည့် ကျိုင်းတုံလေဆိပ် လေယာဉ်ပြေးလမ်းကို တွေ့ရစဉ်။ (သတင်းစဉ်)

ရန်ကုန်မြို့တွင်း လမ်းသစ်များဖွင့်ပွဲ မြို့တော်ဝန် တက်ရောက်ဖွင့်လှစ်

ရန်ကုန် မေ ၂၅

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့် တံတား)က နည်းပညာပံ့ပိုးမှုဖြင့် ဆောင်ရွက်ပြီးစီးသော ရန်ကုန်မြို့ လမ်းမတော်မြို့နယ်၊ လသာမြို့နယ်နှင့် တောင်ဥက္ကလာပမြို့နယ်များရှိ လမ်းသစ်များ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ပေးသည်။

ရှေးဦးစွာ လမ်းမတော်မြို့နယ် အမှတ် (၁) ရပ်ကွက်မှ လမ်းအရှည် ပေ ၆၅၀ နှင့် အကျယ် ပေ ၂၀ ရှိ (၃) လမ်းနှင့် လမ်းအရှည် ပေ ၇၅၀ နှင့် အကျယ်ပေ ၂၀ ရှိ (၄)လမ်း ကတ္တရာကွန်ကရစ်လမ်းသစ်များ ဖွင့်ပွဲနှင့် လသာမြို့နယ် အမှတ် (၁)ရပ်ကွက်မှ လမ်းအရှည် ပေ ၈၄၀နှင့် အကျယ် ၁၈ ပေရှိ (၁၈)လမ်း အောက်လမ်း ကတ္တရာကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို သက်ဆိုင်ရာလမ်းများရှိ မုခ်ဦးရှေ့၌ အစီအစဉ်အတိုင်းကျင်းပရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ အတွင်းရေးမှူး ဦးအောင်သန်းဝင်းနှင့် တာဝန် ရှိသူများက လမ်းသစ်များကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး လမ်းသစ်များကို ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် တောင်ဥက္ကလာပမြို့နယ် (၁၂)ရပ်ကွက်မှ လမ်းအရှည် ၉၂၅ပေနှင့် အကျယ် ၁၂ ပေရှိ မိဂသီ ၂၁ လမ်းနှင့် ၂၂လမ်း ကျောက်ချောကတ္တရာလမ်းသစ်များဖွင့်ပွဲနှင့် တောင်ဥက္ကလာပမြို့နယ် (၁၀)ရပ်ကွက်မှ လမ်းအရှည် ၆၇၃ပေနှင့် အကျယ် ၁၃ ပေရှိ ဗလ္လိကလမ်း ကျောက်ချောကတ္တရာ လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို သက်ဆိုင်ရာလမ်းများရှိ မုခ်ဦးရှေ့၌အစီအစဉ်အတိုင်း ဆက်လက်ကျင်းပရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါနှင့် တာဝန်ရှိသူများက လမ်းသစ်များကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့် ဒုတိယမြို့တော်ဝန်တို့က လမ်းသစ်ဖွင့်ပွဲ အထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကျောက်စာတိုင်များအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြပြီး လမ်းသစ်များကို ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။ (၁၉)

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန်ဗိုလ်မှူးကြီးမောင်ပါ၊ အတွင်းရေးမှူးဦးအောင်သန်းဝင်းနှင့်တာဝန်ရှိသူများ (၁၈)လမ်းအောက်လမ်း ကတ္တရာကွန်ကရစ်လမ်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (၁၉)

မြိုင်တန်းမြင့်ကျောင်း
အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၂၅

နှစ်စဉ်ကျင်းပမြဲဖြစ်သော မြိုင်တန်းမြင့်ကျောင်း၏ အသက်(၆၀)ပြည့် ဆရာကြီး၊ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲသို့ ရန်ကုန်၊ မန္တလေးမှ ဆရာ၊ ဆရာမကြီးများအား ခေါ်ဆောင်၍ သွားရောက်ပူဇော်ကန်တော့ကြမည်ဖြစ်သည်။ ခရီးစဉ်တွင် လိုက်ပါကြမည့် ရပ်ဝေးရပ်နီး ရန်ကုန်၊ မန္တလေးမှ တပည့်များအနေဖြင့် စာရင်းပေးသွင်းဆက်သွယ်ကြရန် အသိပေး နှိုးဆော်ထားသည်။

မေ ၆ ရက်(ကဆုန်လဆန်း ၁၃ ရက်) ညနေ ၅ နာရီ ရန်ကုန်မြို့မကျောင်းလမ်း စိတ်တိုင်းကျ လက်ဖက်ရည်ဆိုင်ရှေ့မှ ထွက်ခွာမည်ဖြစ်ပြီး ဒေါ်ခင်ဝင်းနွယ် ဖုန်း-၀၁-၇၂၇၀၃၉၊ ဦးပြေသော် ဖုန်း-၀၉၅၀၇၁၁၄၇၊ ဦးတင်ထွန်း ဖုန်း-၀၉၅၀၆၅၁၆၀၊ ဦးမြင့်မောင်ကျော် ဖုန်း-၀၁-၃၉၄၁၆၆၊ မန္တလေး-ဦးစိုးမြိုင်ရတနာ ဖုန်း-၀၂-၇၂၆၉၃၊ ဦးတင်ဝင်း(ရွှေခြင်္သေ့) ဖုန်း-၀၂-၇၁၀၀၄၊ ဦးသိန်းဆင့် ဖုန်း-၀၉၅၁၇၃၆၈၈ တို့သို့ ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

မက္ကဆီကိုတွင် ဝက်တုပ်ကွေးရောဂါဖြစ်ပွား လူ ၂၀ သေဆုံးပြီး ၁၀၀၀ ကျော် ကူးစက်ခံနေရ

မက္ကဆီကိုစီးတီး မေ ၂၅

ရောဂါသစ်တစ်မျိုးဖြစ်သော ဝက်တုပ်ကွေးရောဂါသည် မက္ကဆီကိုနိုင်ငံ၌ လူပေါင်း ၁၀၀၀ကျော်သို့ ကူးစက်သွားပြီး ၁၂ ဦးထက်မနည်း သေဆုံးခဲ့ရသည်။ သို့ဖြစ်၍ အာဏာပိုင်များသည် မြို့တော် မက္ကဆီကိုစီးတီးရှိ ကျောင်းများ၊ ပြတိုက်များ၊ ကဇာတ်ရုံများနှင့် စာကြည့်တိုက်များကို ပိတ်ထားလိုက်ကြောင်း ဧပြီ ၂၄ ရက်တွင် အင်တာနက်သတင်းက ဖော်ပြသည်။

ယခုဖြစ်ပွားသည့် ဝက်တုပ်ကွေး ရောဂါသည် ကမ္ဘာ့ဝက်တုပ်ကွေးရောဂါ ပျံ့နှံ့မှု၏ ကနဦးဖြစ်ရပ်ပေလောဟု စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်လျက်ရှိသည်။

ဝက်တုပ်ကွေးရောဂါ ဗိုင်းရပ်ပိုးအသစ်သည် ဝက်၏တုပ်ကွေးပိုး၊ ငှက်၏တုပ်ကွေးပိုင်းနှင့် လူသား၏ တုပ်ကွေးပိုးများ ရောနှောပေါင်းစပ်ထားသည့် မျိုးဗီဇရှိသည့် ပိုးမျိုးဖြစ်ပြီး ယခင်အခါက သုတေသီများ မတွေ့ဖူးသေးသည့် ပိုးအမျိုးအစားဖြစ်သည်။ ထိုရောဂါပိုးကြောင့် အမေရိကန်နိုင်ငံတက္ကဆက်နှင့် ကယ်လီဖိုးနီးယားပြည်နယ်နှစ်ခုတွင်လည်း အနည်းဆုံး ရှစ်ဦး ရောဂါဖြစ်ပွားခဲ့ရသည်။ သို့သော် ၄င်းတို့မှာ အသက်ဆုံးရှုံးသည့်အခြေအနေအထိ ရောဂါပြင်းထန်မှု မရှိခဲ့ပေ။ မိမိတို့နိုင်ငံအနေဖြင့် အန္တရာယ်ကြီးမားသော ဝက်တုပ်ကွေးရောဂါနှင့် ရင်ဆိုင်နေရပြီဆိုသည့် အချက်ကို အပြည်ပြည်ဆိုင်ရာ ရောဂါဓာတ်ခွဲခန်းများအကူအညီကြောင့် သိရှိလာရသည်ဟု မက္ကဆီကိုသမ္မတက ဧပြီ ၂၃ ရက်တွင် ပြောကြားသည်။

ယင်းရောဂါနှင့် ပတ်သက်၍ ကူးစက်ပျံ့နှံ့နေပြီဖြစ်ကြောင်း တပ်လှန့်သတိပေးချက်ထုတ်ရန် သင့်၊ မသင့် သို့မဟုတ် ရောဂါ နှင့်စပ်လျဉ်းသော ခရီးသွားလာမှုဆိုင်ရာ သတိပေးချက်ထုတ်ရန်လို၊မလိုကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို)တွင် စဉ်းစားဆွေးနွေးလျက်ရှိသည်။

လောလောဆယ်တွင် ထိုရောဂါကို ကာကွယ်နိုင်သော ကာကွယ်ဆေး မရှိသေးပေ။ လူသားများအတွက် လက်ရှိ အသုံးပြုနေသော တုပ်ကွေးကာကွယ်ဆေးသည် ယခုဖြစ်ပွားသည့်ဝက်တုပ်ကွေး အပေါ်မည်မျှအတိုင်းအတာအထိ အကာ အကွယ်ပေးနိုင်သည်ဟူသော အချက်ကိုလည်း သေချာစွာ မသိသေးဘဲရှိသည်။

မက္ကဆီကိုတွင် တုပ်ကွေးရောဂါဖြင့် သေဆုံးရသူ ၆၈ ဦးရှိသည့်အနက် ၂၀ဦးမှာ ဝက်တုပ်ကွေးကြောင့် သေဆုံးရကြောင်း အတည်ပြုနိုင်မည်ဟု ကျန်းမာရေးဝန်ကြီး ဂျိုဆေးအင်ဂျယ်ကော်နိုဗာက ပြောကြားသည်။

ရောဂါကြောင့် သေဆုံးမှုကို ရောဂါဗေဒပထဝီရှုထောင့်မှ လေ့လာလျှင် သေဆုံးသူ ၁၃ဦးမှာ မက္ကဆီကိုစီးတီးဒေသမှဖြစ်ပြီး ကျန်သေဆုံးမှုများမှာ စန်လူ ဝစ်ပိုတိုစီ၊ ဘာဂျာ ကယ်လီဖိုးနီးယားနှင့် တောင်ပိုင်း အော်စကာဒေသများမှဖြစ်ကြောင်းသိရသည်။

မက္ကဆီကိုတွင် လူအများစုဝေးရာ နေရာများကို ပိတ်ပင်ထားခြင်း၊ လူတစ်ဦးနှင့်တစ်ဦးတွေ့လျှင် လက်ဆွဲနှုတ်ဆက်ခြင်း၊ ပါးကိုနမ်းခြင်း အလေ့များမပြု လုပ်ရန် တားမြစ်ခြင်း၊ နေမကောင်းဖြစ်လျှင် အရေးပေါ် မလိုအပ်ပါက ဆေးရုံသို့ရှောင်နေခြင်း (ဆေးရုံမှတစ်ဆင့် ရောဂါကူးမည်ကို ရှောင်ရန်ဖြစ်သည်)၊ လက်မကြာခဏ ဆေးခြင်း၊ ဆရာဝန်သုံးနှာခေါင်းစည်းဝတ်ဆင်၍ သွားလာခြင်း စသည်များကို ပြုလုပ်ရန်အာဏာပိုင်များက တိုက်တွန်းထားသည်။

လက်ရှိအခြေအနေတွင် တုပ်ကွေး ရောဂါအတွက် အသုံးပြုနေသည့် ဆေးနှစ်မျိုးရှိသည်။ တာမီဖလူးနှင့် ရီလင်ဇာတို့ဖြစ်သည်။ ရိုချီးကုမ္ပဏီမှ ထုတ်လုပ်သော တာမီဖလူးဆေးသည်ဝက်တုပ်ကွေး ရောဂါဖြစ်ခါစတွင် သောက်သုံးလျှင် ထိရောက်မှု ရှိနိုင်သည်ဟု အမေရိကန်နိုင်ငံရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်မှုဌာနက ပြောကြားသည်။

ရောဂါလက္ခဏာမှာ အပူကြီးခြင်း၊ ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်းနှင့် အချို့တွင် အော့အန်ခြင်းနှင့် ဝမ်းသွားခြင်းဖြစ်ပေါ်သည်ကိုတွေ့ရသည်ဟု ကျန်းမာရေးဌာနက ပြောကြားသည်။

အင်တာနက်။

ဘာသာပြန် - မောင်မောင်ဝ

လာချင်ရင် အနီးကလေး

စောလှအောင်

(ယမန်နေ့မှအဆက်)

၁၉၇၀နှင့် ၁၉၈၀ ပြည့်လွန်နှစ်များတွင် ထိုစဉ်က ခေတ်စနစ်အရ ကြီးထွားလာသော မှောင်ခိုလုပ်ငန်းမှ ဝင်ငွေလမ်းဖြောင့်လာသော ကေအင်န်ယူတို့သည် ဗကပတို့၏ ကြီးထွားလာသော အန္တရာယ်ကို ဦးစားပေး ဖြေရှင်းနေရသည့် မြန်မာ့တပ်မတော်၏ အနေအထားကို အခွင့်ကောင်းယူကာ အင်အားတိုးချဲ့ တည်ဆောက်လာနိုင်ခဲ့သည်။ ၁၉၈၈ ခုနှစ် အရေးအခင်းကာလ၌ မဲသဝေါဒေသကိုပင် ထိုးစစ်ကြီး ဆင်နွှဲကာ တပ်မတော်စခန်းအချို့ကို သိမ်းပိုက်လာနိုင်ခဲ့သဖြင့် တပ်မတော်က ရက်ပေါင်း ၈၀ ကျော် ကြာမြင့်သည့် စစ်ဆင်ရေးကြီးတစ်ရပ်ဖြင့် မဲသဝေါဒေသကို ပြန်လည်တိုက်ခိုက်သိမ်းပိုက်ခဲ့ရသည်။ ထိုမှနောက်ပိုင်းတွင် တပ်မတော်က ဆက်တိုက်ထိုးစစ်များဆင်နွှဲကာ ကေအင်န်ယူ နယ်စပ်ဒေသစခန်းများကို တစ်ခုပြီးတစ်ခု တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့ရာ ကေအင်န်ယူတို့ စတင်ဦးကျိုးလာသည့်ကာလ ဖြစ်လေသည်။ ထိုကာလ၌ပင် အင်အားအကြီးဆုံး တောတွင်းလက်နက်ကိုင်သောင်းကျန်းသူအဖွဲ့ဖြစ်သော ဗကပ စတင်ပြိုကွဲခဲ့သည်။ ၁၉၈၉ခုနှစ် မတ်လမှစ၍ ဗကပ လက်နက်ကိုင်တပ်ဖွဲ့များအတွင်းရှိ တိုင်းရင်းသားအဖွဲ့များက ဗကပများကို တော်လှန်လာခဲ့ကြပြီး တပ်မတော်အစိုးရနှင့် ဆွေးနွေးညှိနှိုင်းကာ လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ခဲ့ကြသည်။ အင်အားကြီးမားသော ဗကပ၏ ပြိုကွဲမှုသည် ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်နှင့် ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့ပေါင်းစုံသို့ ဆင့်ကဲအကျိုးသက်ရောက်မှုများ ဖြစ်ပေါ်လာခဲ့ပြီး ၁၉၈၉ ခုနှစ်မှ ၁၉၉၅ ခုနှစ်ကာလအတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၁၄)ဖွဲ့ ဥပဒေဘောင်အတွင်းသို့ ရောက်ရှိလာခဲ့တော့သည်။

ထိုသို့ ငြိမ်းချမ်းရေးရယူခဲ့သည့် အဖွဲ့အစည်းများတွင် ပါမလာဘဲ တင်းခံနေခဲ့သည်မှာ ကေအင်န်ယူပင် ဖြစ်သည်။ တပ်မတော်အစိုးရက ကေအင်န်ယူအဖွဲ့ကို ငြိမ်းချမ်းရေးအတွက် လမ်းဖွင့်ပေးသည့်အနေဖြင့် ၁၉၉၂ ခုနှစ် ဧပြီလ ၂၈ ရက်နေ့တွင် ကရင်ပြည်နယ် စစ်ဆင်ရေးကို ရပ်ဆိုင်းကြောင်း ကြေညာခဲ့သည်။ သို့သော် တပ်မတော်၏ အမျိုးသားစည်းလုံးညီညွတ်ရေး တည်ဆောက်လိုသောဆန္ဒနှင့် ငြိမ်းချမ်းရေးရရှိ စေလိုသော စေတနာတို့ကို အစိုးရ၏ အားနည်းချက်ကြောင့် အလျှော့ပေးလာခြင်းဟု လွဲမှားစွာသုံးသပ်ကာ ကေအင်န်ယူ ခေါင်းဆောင်ပိုင်းက ငြိမ်းချမ်းရေးသပြေခက်ကို ပယ်ချခဲ့သည်။ တပ်မတော်က ထိုးစစ်ရပ်ထားချိန်တွင် ကေအင်န်ယူဘက်က အကြိမ် ၁၀၀ ခန့် လာရောက်တိုက်ခိုက်ခဲ့သည်။ တပ်မတော်က မိမိကိုယ်ကိုယ် ခုခံကာကွယ်ရုံမျှသာ ပြန်လည်တိုက်ခိုက်ခဲ့ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို တိုးတက်မှုရရှိစေရန် ဆက်လက်ကြိုးစားခဲ့သည်။

မည်သို့ပင်ဖြစ်စေ ပန်းသတင်းကို လေညင်းဆောင်သည်။ တပ်မတော်အစိုးရအနေဖြင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များနှင့် ငြိမ်းချမ်းရေး ဆောင်ရွက်ရာတွင် ယုံကြည်မှုနှင့်စေတနာကို အရင်းခံသည်။ ငြိမ်းချမ်းမှုနှင့် ဖွံ့ဖြိုးရေးကို တစ်သားတည်းတွဲစပ်၍ လုပ်ဆောင်သည်။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီကို ၁၉၈၉ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ဦးဆောင်၍ တိုင်းရင်းသား ညီနောင်ဖွားများ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးခဲ့သည်။ ယခင်က စစ်မြေပြင်ဖြစ်ခဲ့သော နေရာများ၊ ယမ်းငွေ့ဝေသော နေရာများ တွင် ဆည်မြောင်းတာတမံများ၊ စိုက်ခင်း၊ လယ်ကွင်းများ ပေါ်လာကြသည်။ တဲအိမ်ရွာစုများမှ တိုက်တာ မြို့ပြ ဖြစ်လာကြသည်။ လမ်းများ၊ တံတားများ ဥဒဟိုယှက်သွယ် ပေါ်ပေါက်လာသည်။ စာသင်ကျောင်း၊ ဆေးရုံ၊ ဆေးခန်း၊ ရုပ်မြင်သံကြား၊ တယ်လီဖုန်းဆက်သွယ်ရေး စသည်ဖြင့် ဖွံ့ဖြိုးတိုးတက်မှု၏ အင်္ဂါရပ်များ ပြည့်စုံစွာရောက်ရှိလာသည်။ ဤသတင်းများမှာ ငြိမ်းချမ်းရေး မရရှိသေးသော မဖွံ့ဖြိုးသေးသည့်ဒေသများသို့တိုင် တစ်ဆင့်စကားဖြင့် ရောက်ရှိလာတော့သည်။

နှစ်ပေါင်းများစွာ အေးချမ်းစွာမနေရ၊ မစားရသော ကရင်ပြည်နယ်မှ ပြည်သူများ၊ မပြီးဆုံးနိုင်သော ကရင်တော်လှန်ရေးကြီးတွင် နှစ်လများစွာ အသက်ဘေးရင်ဆိုင်ကာ ဘဝကို မျှော်လင့်ချက်ကင်းမဲ့စွာ ဖြတ်သန်းနေရသည့် အောက်ခြေကေအင်န်ယူတပ်ဖွဲ့ဝင်များထံသို့လည်း ငြိမ်းချမ်းရေးရယူသည့် ဒေသများမှ တိုးတက်ဖွံ့ဖြိုးအေးချမ်းမှုသတင်းများက ရောက်ရှိခဲ့သည်။ သူတို့အားလုံးက ငြိမ်းချမ်းမှုကို လိုချင်နေကြပြီ ဖြစ်သည်။ သို့သော် ငြိမ်းချမ်းရေးကို မလိုလားသူ၊ ငြိမ်းချမ်းရေး မဖြစ်မြောက်စေလိုသူ အင်အားစုများက ကေအင်န်ယူ ခေါင်းဆောင်ပိုင်းတွင် ခိုင်ခိုင်မာမာရှိနေသည်။ ထို့အတူ ငြိမ်းချမ်းရေးရယူပြီး ကေအင်န်ယူအဖွဲ့ နယ်စပ်ဒေသမှ ကွယ်ပျောက်သွားလျှင် စားကွက်ပျောက်၊ မှီတွယ်ရာ ပျောက်မည်ကို စိုးရိမ်နေသည့် နောက်မြီးဆွဲကပ်ပါးအုပ်စုများ၊ ကေအင်န်ယူအဖွဲ့ကို ခုတုံးလုပ်အသုံးချကာ မြန်မာ့နိုင်ငံရေးကို မတည်ငြိမ်အောင် မွှေနှောက်လိုသည့် ပယောဂများကလည်း ငြိမ်းချမ်းရေးလမ်းစဉ်ကို မပျက်ပျက်အောင် ဟန့်တားနှောင့်ယှက်ရန် အသင့်ရှိနေကြသည်။

ထို့ကြောင့် ကေအင်န်ယူတစ်ဖွဲ့လုံးနှင့် ငြိမ်းချမ်းရေးရယူရေး ကြိုးပမ်းမှုများမှာ အကြောင်းပြချက်အမျိုးမျိုး၊ အဝေ့အဝိုက်အမျိုးမျိုးဖြင့် ခရီးရှည်နေခဲ့ကာ ထစ်ငေါ့ ကြန့်ကြာနေခဲ့ရခြင်း ဖြစ်လေသည်။ သို့ရာတွင် စစ်၏ အနိဋ္ဌာရုံများကို စိတ်ကုန်နေပြီဖြစ်သော ကေအင်န်ယူ တပ်ဗိုလ်၊ တပ်သားများနှင့် ခေါင်းဆောင်များကမူ ငြိမ်းချမ်းရေးကို မရအရယူရန် ခိုင်ခိုင်မာမာ စိတ်ပိုင်းဖြတ်ကာ ကြိုးပမ်းလာခဲ့ကြသည်။

၁၉၉၄ ခုနှစ် နှစ်ကုန်ပိုင်းတွင် ကေအင်န်ယူထိပ်ပိုင်းခေါင်းဆောင်တို့၏ ခွဲခြားဖိနှိပ်မှုများနှင့် ငြိမ်းချမ်းရေးလမ်းကြောင်း ပိတ်ဆို့မှုများကို မခံမရပ်နိုင်တော့သော ကေအင်န်ယူတပ်ဖွဲ့များနှင့် ကရင်တိုင်းရင်းသားများက တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသားများ အစည်းအရုံး (DKBO)ကို ဖွဲ့စည်းကာ တပ်မတော်နှင့်လက်တွဲ၍ ပြန်လည်တိုက်ခိုက်ခဲ့တော့သည်။ တပ်မတော်နှင့် DKBO တပ်ဖွဲ့များ၏ တိုက်ခိုက်မှုကြောင့် ကေအင်န်ယူတို့၏ ဗဟိုဌာနချုပ်အပါအဝင် နယ်စပ်စခန်းများအားလုံးလိုလို ကျဆုံးကုန်သည်။

DKBO အဖွဲ့သည် မြိုင်ကြီးငူတွင် အခြေပြုကာ ဒေသခံကရင် တိုင်းရင်းသားတို့၏ တိုးတက်ဖွံ့ဖြိုးရေးကို နိုင်ငံတော်နှင့်လက်တွဲလုပ်ဆောင်ရာမှ အရှိန်အဟုန်ရလာခဲ့သည်။ DKBO အဖွဲ့၏ နမူနာကိုရယူ၍ အခြား နယ်မြေများမှ ကေအင်န်ယူတပ်ဖွဲ့များသည်လည်း မိမိတို့အစီအစဉ်ဖြင့် ငြိမ်းချမ်းရေး ရယူလာခဲ့ကြရာ ကေအင်န်ယူတပ်မဟာ (၆)မှ ဦးစောသမူဟဲအဖွဲ့၊ သံတောင်ဒေသအဖွဲ့၊ ကေအင်န်ယူဗဟိုမှ ဖဒိုအောင်ဆန်းနှင့်အဖွဲ့၊ တပ်မဟာ(၂) အထူးဒေသအဖွဲ့နှင့် ဗိုလ်ချုပ်ဌေးမောင် ဦးစီးသော KNU/KNLA ငြိမ်းချမ်းရေး ကောင်စီတို့ အသီးသီးဝင်ရောက်လာခဲ့ကြသည်။

ထိုသို့ ငြိမ်းချမ်းရေး ရယူခဲ့ကြသောအဖွဲ့များ လျှောက်လှမ်းခဲ့ရသော လမ်းခရီးမှာ ဖြောင့်ဖြူးလှသည်မဟုတ်ချေ။ ငြိမ်းချမ်းရေးကို ဖျက်လိုဖျက်ဆီး လုပ်ချင်သော အဖျက်အင်အားစုများ၏ အန္တရာယ်များအကြားမှ အသက်၊ သွေးများနှင့်ရင်းကာ ငြိမ်းချမ်းရေးကို တည်ဆောက်ခဲ့ကြရခြင်းဖြစ်သည်။

ကေအင်န်ယူ ဗဟိုခေါင်းဆောင်ပိုင်းအတွင်း၌ပင် နိုင်ငံတော်အစိုးရ၏ စိတ်ရင်းစေတနာအမှန်ကို သိမြင်လာသည့် ခေါင်းဆောင်ပိုင်းနှင့် ကရင်လူထု အကျိုးစီးပွားထက် မိမိကိုယ်ကျိုးကိုသာ အဓိကထားသော ခေါင်းဆောင်ပိုင်းတို့အကြား ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ စိတ်ဝမ်းကွဲပြားခဲ့ကြသည်။ နိုင်ငံတော်နှင့် လက်တွဲ၍ ငြိမ်းချမ်းရေးရယူလိုသည့် ခေါင်းဆောင်များမှာ စစ်မြေပြင်မှ တက်လာကြသည့် တိုက်ခိုက်ရေးသမားစစ်သားကြီးများ ဖြစ်ကြသည်။ ကျေးလက် ဒေသ၌ ပေါက်ဖွားလာကြသည့် ရိုးဖြောင့်သော တိုင်းရင်းသားများလည်းဖြစ်၊ စစ်သားများလည်းဖြစ်သောကြောင့် ပရိယာယ်ဝေဝုစ် နည်းပါးသည်။ ချစ်လုံးလုံး၊ မုန်းလျှားလျှား ဟူသော စိတ်ရှိသည်။ လုပ်စရာရှိလျှင် တုံးတိုက်တိုက်၊ ကျားကိုက်ကိုက် ပြတ်ပြတ်သားသား။ ပြောစရာရှိလျှင်လည်း အူလိုက်အသည်းလိုက် ပွင့်ပွင့်လင်းလင်း၊ ဟောဟောဒိုင်းဒိုင်းလုပ်တတ်၊ ပြောတတ်သူများ ဖြစ်သည်။ သူတို့က KNLA ဟုခေါ်သည့် တပ်အပိုင်းမှ တက်လာသူများ ဖြစ်သည်။ KNU ဟုခေါ်သည့် နိုင်ငံရေးအပိုင်းမှ တက်လာသူများကမူ ထိုသို့မဟုတ် မြို့သားပညာတတ်များ ဖြစ်သည်။ မြေပေါ်နိုင်ငံရေး လုပ်ရာမှ အကြောင်း မဟန်သဖြင့် မြေလျှိုးကာ တောခိုလာကြသူများဖြစ်သည်။ တောထဲ၌ ပညာတတ်ရှားပါးသဖြင့် ဦးနှောက်သုံးကာ စီမံခန့်ခွဲရသော ရုံးထိုင်နေရာများကို ထိုသူတို့က ကြီးစိုးထားသည်။ နိုင်ငံရေးသမားများပီပီ စကားကြီး၊ စကားကျယ်များ ကောင်းစွာပြောတတ်သည်။ ရှေ့တွင်တစ်မျိုး၊ နောက်ကွယ်တစ်မျိုး လုပ်တတ်သည်။ အဆင်း၌ ဘီးတပ်ခြင်း၊ နောက်ကျောမှ ဓားနှင့်ထိုးခြင်း၊ မသင့်မြတ်သူအား အုပ်စုဖွဲ့၍ ကန်ထုတ်ခြင်း စသည့် နိုင်ငံရေးသမားတို့၏ နည်းပရိယာယ် အဌာရသဆယ့်ရှစ်ရပ်ကိုလည်း ကောင်းစွာ တတ်ကျွမ်းသည်။ အခွင့်ကောင်းများကို လက်မလွှတ်တမ်း ရယူခံစားသူများပီပီ "ကရင်တော်လှန်ရေး"၏ အသီးအပွင့်များကို အများဆုံး စားသုံးနေကြရသူများ ဖြစ်သည်။ မျောက်ပြဆန် တောင်းစားသော ပြည်ပအထောက်အပံ့များဖြင့် မဲဆောက်ဘက်ကမ်းတွင် ကားတစီစီ၊ တိုက်ကြီးဟီးလျက် နေနိုင်သူများ။ထို့ထက်လွန်၍ အမေရိကန်၊ ဩစတြေးလျ၊ နော်ဝေ စသော နိုင်ငံခြားတိုင်းပြည်များ၌ပါ သား၊ သမီးများကို စေလွှတ်ပို့ဆောင်ထားကာ နေထိုင်ကြသူများဖြစ်သည်။ ထို့ကြောင့် သူတို့က ကရင်တော်လှန်ရေးကို မည်သည့်အခါမျှ မပြီးဆုံးစေလို၊ လက်တွေ့စစ်မြေပြင်၌ အသက်စွန့်ကာ စစ်တိုက်ခဲ့ရ၊ မိုးထဲ ရေထဲ၌ ချောင်းကြိုမြောင်းကြား၌ မှက်၊ ခြင်တို့ အကိုက်ခံကာ ပုန်းရ ရှောင်ရ၊ ရိက္ခာပြတ်၍ ငတ်ငတ်မွတ်မွတ်နေခဲ့ကြရသော ကြမ်းတမ်းလှသည့် စစ်သားဘဝကို ဖြတ်သန်းလာခဲ့ရသည့် စစ်ခေါင်းဆောင်များကား ပင်ပန်းဆင်းရဲခံကာ သူတို့ဆင်နွှဲခဲ့သည့် လက်နက်ကိုင်တော်လှန်ရေးမှာ သူတို့ လိုလားသော ကရင်လူထုကောင်းစားရေးကို မည်သို့မျှ မဖော်ဆောင်နိုင်ကြောင်း ဘဝနှင့်ရင်း၍ သဘောပေါက်လာခဲ့ကြသည်။

ထို့ကြောင့် တပ်မတော်က ၁၉၉၂ ခုနှစ်မှစ၍ ကမ်းလှမ်းလာခဲ့သည့် ငြိမ်းချမ်းရေးလမ်းစဉ်နှင့်ပတ်သက်၍ ကေအင်န်ယူ ခေါင်းဆောင်ပိုင်းမှာ သဘောထားနှစ်မျိုးကွဲနေခဲ့သည်။ စစ်ခေါင်းဆောင်ပိုင်းက အစိုးရ၏ကမ်းလှမ်းချက်ကို လေ့လာကြည့်ပြီး ယုံကြည်ရလျှင် ငြိမ်းချမ်းရေး လုပ်ဆောင်လိုသည်။ နိုင်ငံရေးသမားများကမူ လူကြားကောင်းရုံ အသံကောင်းဟစ်ပြီး ငြိမ်းချမ်းရေး ဖြစ်မလာအောင် လမ်းလွှဲအချိန်ဆွဲထားရန် ကြံစည်ထားပြီးဖြစ်သည်။

၁၉၉၃ ခုနှစ်မှစ၍ ကေအင်န်ယူနှင့် နိုင်ငံတော်အစိုးရတို့အကြား ငြိမ်းချမ်းရေးဆွေးနွေးခဲ့ရာ အလွတ်သဘောတွေ့ဆုံမှု (၁၀)ကြိမ်၊ တရားဝင်ဆွေးနွေးမှု ခြောက်ကြိမ်ရှိခဲ့သည်။ ထိုစဉ်က ကေအင်န်ယူဥက္ကဋ္ဌကြီး ဖထီးစောဘိုမြကိုယ်တိုင် ၂၀၀၄ ခုနှစ် ဇန်နဝါရီလတွင် ရန်ကုန်သို့ လာရောက်ဆွေးနွေးခဲ့သည်။ ဆွေးနွေးခဲ့သည့် ခရီးစဉ်အတွင်း တပ်မတော်အစိုးရ၏ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး အားထုတ်ကြိုးပမ်းနေမှုများကို မျက်ဝါးထင်ထင် တွေ့မြင်သွားခဲ့သည်။ နိုင်ငံတော်နှင့် လက်တွဲ၍ ငြိမ်းချမ်းရေး ရယူရန်လည်း ယုံကြည်စိတ်ချစွာ သဘောတူခဲ့သည်။ သို့သော် ဖထီးကြီးမှာ အသက်အရွယ် အိုမင်းလှပြီ၊ သူမျက်စိ မမှိတ်မီ ကရင်ပြည်နယ်တစ်ခုလုံး ငြိမ်းချမ်းသည်ကို တွေ့မြင်သွားလိုသော်လည်း "ကြောင်အိုတော့ ကြွက်မလေး" ဆိုသည့်အတိုင်း နိုင်ငံရေးသမား နောက်ပေါက် ခေါင်းဆောင်များကို ဩဇာမလွှမ်းနိုင်တော့ပြီ။ ကျန်းမာရေးအခြေအနေမှာလည်း ဇရာကြောင့် ယိုယွင်းလာသည့်အလျောက် ကျန်းမာရေးအကြောင်းပြချက်ဖြင့် စောဘိုမြကို ဥက္ကဋ္ဌနေရာမှ ဖယ်ရှားကာ အဆင့်လျှော့ချလိုက်သည်။

ဖထီးစောဘိုမြကား မကျန်းမာသည့်အကြားမှ ငြိမ်းချမ်းရေးအတွက် တတ်နိုင်သမျှ အားခဲလုပ်ဆောင်သွားခဲ့သည်။ သူကိုယ်တိုင် ပြီးဆုံးအောင် မဆောင်ရွက်နိုင်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ကေအင်န်ယူအဖွဲ့တစ်ခုလုံးကို ဦးဆောင်တာဝန်ခံ ဆောင်ရွက်နိုင်ရန် ယုံကြည်စိတ်ချရသူ ဗိုလ်ချုပ်ဌေးမောင်(ထိန်မောင်)ကို လွှဲအပ်ခဲ့သည်။ ငြိမ်းချမ်းရေးကို အမှန်တကယ် ကိုယ်တိုင်က ယုံကြည်မှုထက်သန်သည့် ဗိုလ်ချုပ်ဌေးမောင်ကလည်း ဖထီးစောဘိုမြ ယုံကြည်လွှဲအပ်သွားသည့်အတိုင်း ကေအင်န်ယူအဖွဲ့တစ်ခုလုံးကို ကိုယ်စားပြုကာ နိုင်ငံတော် နှင့်ငြိမ်းချမ်းရေး ဆွေးနွေးမှုများ ဆက်လက်ပြုလုပ်ခဲ့ပြီး အဖျက်ပယောဂ အမျိုးမျိုးကြောင့် ကေအင်န်ယူ တစ်ဖွဲ့လုံးကို ငြိမ်းချမ်းရေးရယူရန် ချက်ချင်းမလုပ်ဆောင်နိုင်ကြောင်း သိမြင်လာသည့်အတွက် ရနိုင်သမျှ အင်အားစုများကို ခေါ်ဆောင်ကာ ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် ထို့ကော်ကိုး၌ ငြိမ်းချမ်းရေးအောင်ပွဲကို ကျင်းပနိုင်ခဲ့သည်။ ထိုစဉ်က တပ်ဖွဲ့ဝင်အင်အား ၃၀၉ ဦးနှင့် မိသားစုဝင် ၁၁ ဦး စုစုပေါင်း အင်အား ၃၂၀ သာ ပါရှိခဲ့သော်လည်း "ပန်းပွင့်ရှိရာ ပျားကောင်လာသည်" (ဖောအိုအလော်၊ ကနဲဟဲလော်) ဟူသော ကရင်စကားလုံးအတိုင်း ငြိမ်းချမ်းရေးပန်းပွင့်များမှ အေးချမ်းမှု ပန်းဝတ်ရည်များကို ရယူသုံးဆောင်လိုသည့် နယ်စပ်ဒေသမှ ကေအင်န်ယူ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ ထပ်မံလိုက်ပါရောက်ရှိလာခဲ့သဖြင့် တပ်ဖွဲ့ဝင် ၆၁၅ ဦး၊ မိသားစုဝင် ၁၀၉၃ ဦး စုစုပေါင်း ၁၇၀၈ဦး၊ လက်နက် ၂၁၈ လက် တို့နှင့်အတူ ကော့ကရိတ်ခရိုင် နဘူးမြို့နယ်ရှိ ထို့ကော်ကိုးဒေသတွင် အခြေပြုကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။

ယခုထပ်မံရောက်ရှိလာသည့် ကေအင်န်ယူအထူး တပ်ရင်း (၂၀၂)မှ ဗိုလ်ကြီးစောနေစိုးမြနှင့် အဖွဲ့မှာလည်း ဖခင်ဖြစ်သူ ဗိုလ်ချုပ်စောဘိုမြ မှာကြားခဲ့သည့် ငြိမ်းချမ်းရေးတာဝန်ကို သားဖြစ်သူက လက်ဆင့်ကမ်း ခံယူကာ ဖော်ဆောင်ခဲ့ခြင်းပင်ဖြစ်ပါသည်။ ဗိုလ်ကြီးစောနေစိုးမြတို့၏ နောက်တွင် အလားတူငြိမ်းချမ်းရေးနယ်မြေသို့ ထပ်မံရောက်ရှိလာဦးမည့် ကေအင်န်ယူ အင်အားစုများမှာလည်း အများအပြားရှိနေပေဦးမည်။

စင်စစ်၌ လက်နက်ကိုင်တိုက်ခိုက်ရေးလမ်းစဉ်မှ ငြိမ်းချမ်းရေးလမ်းစဉ်သို့ ပြောင်းလဲဖော်ဆောင်ရေးမှာ "လာချင်ရင် အနီးကလေး" ဆိုသကဲ့သို့ အမှန်တကယ် ငြိမ်းချမ်းရေးလိုချင်သည့် ဆန္ဒသာရှိခဲ့လျှင် အလွန်နီးလှသော ခရီးပင်ဖြစ်ပါသည်။ ဗိုလ်ကြီးစောနေစိုးမြတို့အဖွဲ့ တောတွင်းစုရပ်တစ်နေရာမှ ထို့ကော်ကိုး ငြိမ်းချမ်းရေးနယ်မြေသို့ လာရောက်ခဲ့ရာတွင် နေ့တစ်ဝက်ခရီး (ရှစ်နာရီခန့်)သာ ကြာမြင့်ခဲ့သည်။ သို့သော် "မလာချင်ရင် ခရီးဝေး"ဆိုသကဲ့သို့ ငြိမ်းချမ်းရေး မလိုလားသူများ၏ ဖျက်ဆီးဟန့်တားမှုကြောင့် နှစ်ပေါင်း ၆၀ ကျော် လက်နက်ကိုင်တိုက်ခိုက်နေခဲ့သည့် ကေအင်န်ယူအဖွဲ့မှာ အပြီးသတ် ငြိမ်းချမ်းရေးမရနိုင်သေးခြင်း ဖြစ်ပါသည်။

မည်သို့ပင်ဖြစ်စေ ကေအင်န်ယူအောက်ခြေတပ်ဖွဲ့ဝင်များ၊ တပ်ဗိုလ် တပ်သားများအနေဖြင့် လူသတင်း လူချင်းဆောင်ကာ ငြိမ်းချမ်းရေး ကောင်းသတင်းများကြောင့် ဆင်သေကောင်ပုပ်သဖွယ်ဖြစ်နေသော လက်ကျန် ကေအင်န်ယူအဖွဲ့ကို တဖွဲဖွဲစွန့်ခွာလာကြပြီးဖြစ်ရာ ကရင်ပြည်နယ်တစ်ခုလုံးတွင် သံသယမြူတိမ်နှင့် အာဃာတမုန်တိုင်းတို့ ကင်းစင်ကာ ငြိမ်းချမ်းရေးပန်းများ ပွင့်လန်းမွှေးကြူနိုင်တော့မည့်အချိန်ကာလမှာ မဝေးတော့ပြီဖြစ်ကြောင်း မျှော်လင့်မှန်းဆရပါတော့သည်။ ။

ယခင်က စစ်မြေပြင်ဖြစ်ခဲ့သော နေရာများ၊ ယမ်းငွေ့ဝေသော နေရာများတွင် ဆည်မြောင်းတာတမံများ၊ စိုက်ခင်း၊ လယ်ကွင်းများ ပေါ်လာကြသည်။ တဲအိမ်ရွာစုများမှ တိုက်တာမြို့ပြ ဖြစ်လာကြသည်။ လမ်းများ၊ တံတားများ ဥဒဟိုယှက်သွယ် ပေါ်ပေါက်လာသည်။ စာသင်ကျောင်း၊ ဆေးရုံ၊ ဆေးခန်း၊ ရုပ်မြင်သံကြား၊ တယ်လီဖုန်းဆက်သွယ်ရေးစသည်ဖြင့် ဖွံ့ဖြိုးတိုးတက်မှု၏ အင်္ဂါရပ်များ ပြည့်စုံစွာရောက်ရှိလာသည်။

မေ ၂၂ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားအပြီး ဆေးရုံသို့ ရောက်လာသော အမျိုးသမီးလူနာတစ်ဦးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တာလီဘန်များ ပါကစ္စတန် ဘာနာခရိုင်မှ ပြန်လည်ဆုတ်ခွာ

အစ္စလာမ္မာဘတ် မေ ၂၅

ပါကစ္စတန်နိုင်ငံ၏မြို့တော် အစ္စလာမ္မာဘတ်မှ မိုင် ၆၀ မျှသာ ကွာဝေးသော ဘာနာခရိုင်ကို မကြာသေးမီရက်က တာလီဘန်များ ဝင်ရောက်သိမ်းပိုက်ခဲ့ကြသည်။ သိမ်းပိုက်အပြီး ၂၄ နာရီ ပင်မပြည့်မီ ၎င်းတို့သည် ထိုနယ်မြေမှ အင်အား ၅၀၀ အထိရှိသော လက်နက်ကိုင်များကို ပြန်လည်ဆုတ်ခွာစေခဲ့သည်။

ဒေသခံ ပါကစ္စတန်တပ်ဖွဲ့များနှင့် တာလီဘန်တို့ရင်ဆိုင်တိုက်ပွဲဖြစ်ပွားအပြီး တာလီဘန်တို့ ပြန်လည်ထွက်ခွာသွားကြခြင်း ဖြစ်ဖွယ်ရာရှိသည်ဟုဆိုသည်။ ထိုတိုက်ပွဲတွင် ရဲတပ်ဖွဲ့ဝင် တစ်ဦးသေဆုံးခဲ့ရသည်။

တာလီဘန် ခေါင်းဆောင်များက လက်နက်ကိုင်များကို ပြန်လည်ထွက်ခွာလာရန် အမိန့်ပေးခဲ့ခြင်း ဖြစ်သည်ဟု တာလီဘန်ပြောရေးဆိုခွင့်ရှိသူ မွတ်စလင်ခန်းက သောကြာနေ့တွင် ပြောကြားသည်။

တာလီဘန်တို့က မြို့တော်နှင့် အလှမ်းမကွာလှသော ဘာနာခရိုင်ကို သိမ်းပိုက်ခဲ့ကြသဖြင့် ၎င်းတို့၏ အနာဂတ်ရည်မှန်းချက်များ မည်သို့ရှိသည်ကို မသိနိုင်သည့်အတွက်ပါကစ္စတန်အစိုးရပိုင်းအနေဖြင့် အထိတ်တလန့် ဖြစ်ခဲ့ရသည်။

တင်းမာမှုမြင့်တက်

တာလီဘန် ကိုယ်စားလှယ်များနှင့် အစိုးရပိုင်း တာဝန်ရှိသူများ ဆွေးနွေးညှိနှိုင်းအပြီး တာလီဘန် လက်နက်ကိုင်များ ပြန်လည်ထွက်ခွာသွားခြင်း ဖြစ်ကြောင်း ဒေသခံသတင်းသမား တစ်ဦးက ပြောကြားသည်။

ထိုဖြစ်ရပ်ကြောင့် အခြေအနေမှာ တင်းမာလျက်ရှိပြီး ဒေသနေပြည်သူများကလည်း စိုးရိမ်ပူပန်လျက်ရှိသည်။

တာလီဘန်များအနေဖြင့် အစိုးရအဖွဲ့အပေါ် အမိန့်ခြိမ်းခြောက်ပေးသည့် အခြေအနေမျိုးနှင့် ပါကစ္စတန်ပြည်သူတို့၏ ဘဝအပေါ် လွှမ်းမိုးလာမည့်အဖြစ်မျိုးကို ပါကစ္စတန်စစ်ဘက်က ခွင့်ပြုမည်မဟုတ်ဟု ပါကစ္စတန်တပ်ဖွဲ့ အကြီးအကဲ ဗိုလ်ချုပ်ကြီး အက်ရှ်ဖာကာယာနီက ပြောကြားသည်။

ပါကစ္စတန်သမ္မတအဆစ်ဖ်အလီဇာဒါရီသည် ဧပြီလအတွင်း ဘာနာခရိုင် အပါအဝင် အနောက်မြောက်ဘက်ပိုင်း ပြည်နယ်များတွင် အစ္စလာမ့်စ်ဥပဒေကျင့်သုံးခွင့်ပြုရန် လက်ခံခဲ့ပြီး တာလီဘန်တို့နှင့် အပြန်အလှန် ငြိမ်းချမ်းရေးသဘောရယူခဲ့သည်။ ပါကစ္စတန်အစိုးရက ဆွတ်တောင်ကြား နယ်မြေတွင်တာလီဘန်များအား အလျှော့ပေး ဆက်ဆံခြင်းသည် ၎င်းတို့အားပိုမိုအတင့်ရဲလာစေရန်အားပေးသကဲ့သို့ရှိသည်ဟု အချို့က ဝေဖန်ပြစ်တင်ကြသည်။ **အင်တာနက်။**

ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်း ဘာနာခရိုင်ကို ဝင်ရောက်သိမ်းပိုက် သော တာလီဘန်စစ်သွေးကြွအချို့ကို မေ ၂၄ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကြေးမုံ The Mirror

နိုင်ငံတကာသတင်းများ

ရေနံဈေးနှုန်း အမေရိကန်ဒေါ်လာ ၆၀ ရောက်ရှိရန် အိုပက်အဖွဲ့များ ပူးပေါင်းဆောင်ရွက်မည်ဟု အီရန်ပြောကြား

တီဟီရန် မေ ၂၅

အိုပက်အဖွဲ့ဝင်နိုင်ငံများ ပူးပေါင်းဆောင်ရွက်လျှင် ရေနံဈေးနှုန်းသည် တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၆၀ သို့ရောက်ရှိလာမည်ဟု အီရန်စွမ်းအင်ဝန်ကြီး ဂိုလမ်ဟိုဆင်နိုဇာရီ၏ ပြောကြားချက်ကို ဒေသဆိုင်ရာ ရုပ်သံက ဗုဒ္ဓဟူးနေ့တွင် ထုတ်လွှင့်သည်။

အိုပက်အဖွဲ့ဝင်များပူးပေါင်းဆောင်ရွက်မှုဖြင့် ၂၀၀၉ ခုနှစ် တတိယလေးလပတ်တွင် ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၆၀ အထိ တိုးမြှင့်ရောက်ရှိနိုင်ကြောင်း နိုဇာရီနှင့်တွေ့ဆုံ မေးမြန်းရာ၌ ပြောကြားသည်။

အိုပက်အဖွဲ့ဝင်နိုင်ငံများသည် ရေနံစိမ်းထုတ်လုပ်မှုကို လုံးဝလျှော့ချကြရန် ပြောကြားထားပြီး ဖြစ်သည်နှင့်အညီ လျှော့ချထုတ်လုပ်ရမည့်အဆင့်ကိုလိုက်နာခြင်းမရှိပါက အိုပက်အဖွဲ့ကလိုလားသည့် ဈေးကွက်အခြေအနေကို ရရှိနိုင်မည်မဟုတ်ဟု၎င်းကသတိပေးပြောကြားသည်။

ရေနံထုတ်လုပ်မှုလျှော့ချရန် မကြာသေးမီက အိုပက်အဖွဲ့များ၏ ဆောင်ရွက်မှုများသည် ထိရောက်မှုမရှိခဲ့ဟု ၎င်းက ထပ်မံပြောကြားသည်။

ရေနံထုတ်လုပ်မှုအဆင့်မပြည့်မီဘဲရေနံဈေးနှုန်းကျဆင်းသွားလျှင် ရေနံလုပ်ငန်းအတွက် စီမံချက်များကို အီရန်နိုင်ငံအနေဖြင့် ဆက်လက်မလုပ်ဆောင်နိုင်တော့ကြောင်း၊ ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၈၀ ရရှိရန် အီရန်က ထောက်ခံထားပြီးဖြစ်ကြောင်း အီရန်စွမ်းအင်ဝန်ကြီးကလည်း ပြောကြားသည်။

လက်ရှိ ရေနံဈေးကွက်ကြောင့် အီရန်နိုင်ငံ၏ စက်မှုနှင့်စီးပွားရေးလုပ်ငန်းများသည် ကျဆင်းမှုပိုင်းကို ရောက်ရှိနေသည်ဟု ၎င်းကဆိုသည်။ **အင်တာနက်။**

အမေရိကန်နိုင်ငံ မြောက်မာတယ် ကမ်းခြေဒေသ၌ တောမီးလောင်နေသည်ကို မေ ၂၃ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တောင်ကာရိုလိုင်းနားတောမီး ဒေါ်လာရှစ်သန်းကျော်ဆုံးရှုံး

မာတိုင်းဘိချ်(တောင်ကာရိုလိုင်းနား) မေ ၂၅

အမေရိကန်ပြည်ထောင်စု တောင်ကာရိုလိုင်းနား ပင်လယ်ကမ်းခြေအနီးတွင် သုံးရက်ဆက်၍ တောမီးလောင်လျက်ရှိရာ အပျက်အစီးဆုံးရှုံးမှုတန်ဖိုးသည် အမေရိကန်ဒေါ်လာရှစ်သန်းကျော်သွားပြီဖြစ်ကြောင်း တာဝန်ရှိသူများက မေ ၂၅ ရက်တွင် ပြောကြားသည်။

ပြည်နယ်၏ လူအစည်ကားဆုံး ကမ္ဘာလှည့်ခရီးသည်များ အပန်းဖြေရာ ပင်လယ်ကမ်းခြေနှင့်နီးကပ်သော ၃၀ စကွဲယား ကီလိုမီတာ အကျယ်အဝန်းကို တောမီးလောင်ရာ အမေရိကန်ဒေါ်လာ ၈ ဒသမ ၃ သန်းနီးပါးဆုံးရှုံးကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ထုတ်ပြန်ကြေညာသည်။

တောမီးသည် အိမ် အလုံး ၇၀ကို ဝါးမျိုသွားပြီး အိမ်လုံးရေ ၁၀၀ ကို ပျက်စီးစေခဲ့သည်။ ယခုအထိ ဒဏ်ရာရသူရှိကြောင်း သတင်းမရရှိသေးပေ။

လူဦးရေ ၂၀၀၀ ကျော်ကို ၎င်းတို့နေအိမ်များမှ ဘေးကင်းရာသို့ ကယ်ဆယ်ပေးခဲ့ရသည်။ **အင်တာနက်။**

အီရတ်စစ်ပွဲတွင်သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်၄၂၉၅ ဦးရှိ

ဝါရှင်တန် မေ ၂၅

အီရတ်နိုင်ငံအတွင်းသို့ အမေရိကန်နှင့်အပေါင်းပါများ ဝင်ရောက်ကျူးကျော်ခဲ့သည့် ၂၀၀၃ခုနှစ် မတ်လမှစ၍ ၂၀၀၉ ခုနှစ် မေ ၂၂ရက်ထိ အီရတ်စစ်ပွဲအတွင်း သေဆုံးသော အမေရိကန် တပ်ဖွဲ့ဝင်ပေါင်းမှာ ၄၂၉၅ ဦး ရှိပြီဖြစ်ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

ထိုအထဲတွင် စစ်ဘက်တာဝန်ထမ်းဆောင်ရင်း သေဆုံးရသော အရပ်သားရှစ်ဦးလည်းပါဝင်သည်။ တိုက်ပွဲကြောင့် အနည်းဆုံး ၃၄၃၃ ဦးသေဆုံးကြောင်း စစ်ဘက်ဆိုင်ရာစာရင်းဇယားများအရ သိရသည်။

ထို့အပြင် အပေါင်းပါတပ်ဖွဲ့များမှ ဗြိတိသျှတပ်ဖွဲ့ဝင် ၁၇၉ဦး၊ အီတလီ ၃၃ဦး၊ ယူကရိန်း ၁၈ဦး၊ ပိုလန် ၂၁ဦး၊ ဘူလ်ဂေးရီးယား ၁၃ဦး၊ စပိန် ၁၁ဦး၊ ဒိန်းမတ် ခုနစ်ဦး၊ အယ်လ်ဆာဗေဒို ငါးဦး၊ ဆလိုဗက်ကီးယား လေးဦး၊ လတ်ဗီးယားနှင့် ဂျော်ဂျီယာ သုံးဦးစီ၊ အက်စ်တိုးနီးယား၊ နယ်သာလန်၊ ထိုင်းနှင့် ရိုမေးနီးယား နှစ်ဦးစီ၊ ဩစတြေးလျ၊ ဟန်ဂေရီ၊ ကာဇက်စတန်နှင့် တောင်ကိုရီးယားတို့ တစ်ဦးစီ အသီးသီးသေဆုံးကြသည်။

အင်တာနက်။

စင်ကာပူကမ်းလွန်တွင် သင်္ဘောနှစ်စင်းတိုက်မိ

စင်ကာပူ မေ ၂၅

စင်ကာပူနိုင်ငံ ကမ်းလွန်ပင်လယ်ပြင်တွင် ကြာသပတေးနေ့ကကုန်သေတ္တာတင်သင်္ဘောတစ်စင်းနှင့် အီရန်နိုင်ငံအလံလွှင့်ထူထားသော ကုန်သင်္ဘောတစ်စင်းတို့သည် မျက်နှာချင်းဆိုင် တိုက်မိကြရာ ကုန်သင်္ဘောမှာ သောင်တင်သွားကြောင်း ဆိပ်ကမ်း အာဏာပိုင်က ပြောကြားသည်။

စင်ကာပူဆိပ်ကမ်း ရေပိုင်နက်အပြင်ဘက်တွင် ပြောင်းဖူးစေ့များ တင်ဆောင်ပြီး ဗီယက်နမ်နိုင်ငံသို့ ခုတ်မောင်းနေသော အဆိုပါ အီရန်သင်္ဘောနှင့် အင်ဒိုနီးရှားအလံ လွှင့်ထူထားသော ကုန်သေတ္တာတင်သင်္ဘောတို့ တိုက်မိကြခြင်းဖြစ်သည်။ ကုန်သေတ္တာ တင်သင်္ဘောမှာ ၎င်း၏ခရီးစဉ်ကို ဆက်လက်ထွက်ခွာသွားပြီး ကုန်သင်္ဘောကိုမူ နစ်မြုပ်မသွားစေရန် ရေတိမ်ပိုင်းသို့ ဆွဲယူထားရသည်။

အပျက်အစီးဖြစ်ပေါ်မှု မရှိကြသော်လည်း ကုန်သင်္ဘောပေါ်မှ ကုန်ပစ္စည်းများမှာ ပျက်စီးပြီး ရေများကို စုပ်ထုတ်ခဲ့ရသည်။

အမ်အင်အေ၊ရိုက်တာ။

အီတလီတွင် သားသမီးစွန့်ပစ်သည့်မိဘများ တရားစွဲမည်

ရောမ မေ ၂၅

အီတလီနိုင်ငံမြောက်ပိုင်း ပီဇာမုန့်ဆိုင်တစ်ဆိုင်အတွင်း ကလေးများကို စွန့်ပစ်ခဲ့ကြသော ဂျာမန်မိခင်တစ်ဦးနှင့် ၎င်းအဖော် အမျိုးသားတစ်ဦးကို ၁၀ မိုင်ခန့်ဝေးသော တောအုပ်အတွင်း ခြေဦးတည့်ရာသွားနေကြစဉ် ရှာဖွေတွေ့ရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အသက် ၂၆နှစ်ရှိ အီနာကာတီရီးနားရင်းဟုနှင့် အဖော်အမျိုးသား ဆာချာစမစ်တို့သည် အေအိုစတာမြို့တော်၏ ပီဇာမုန့်ဆိုင်အတွင်း ရောက်ရှိပြီး စီးကရက်ဝယ်ယူရန် ပြန်ထွက်သည့်ပုံနှင့် ထွက်သွားကြရာ ပြန်ရောက်မလာကြသဖြင့် ပီဇာမုန့်ဆိုင်ဝန်ထမ်း အခက်ကြုံရသည်။

၎င်းတို့သည် ၁၀ လအရွယ် ယောက်ျားလေးတစ်ဦး၊ လေးနှစ်အရွယ်မိန်းကလေးတစ်ဦးနှင့် ခြောက်နှစ်အရွယ် ယောက်ျားလေးတစ်ဦးတို့ကို ပီဇာမုန့်ဆိုင်အတွင်း စားပွဲတစ်လုံးတွင်ထိုင်ခိုင်းထားခဲ့ကြသည်။

၎င်းတို့နှစ်ဦးသည် မူးယစ်ဆေးဝါးစွဲနေသည့် ရာဇဝင်ရှိပြီး ငွေကြေးလည်းချို့တဲ့နေပုံရသည်ဟုရဲတပ်ဖွဲ့က ပြောကြားသည်။

သားသမီးများကို စွန့်ပစ်မှုဖြင့် ၎င်းတို့ကို စစ်ဆေးမေးမြန်းပြီး တရားစွဲဆို မည်ဖြစ်သည်။ သို့သော် ရဲတပ်ဖွဲ့က ဖမ်းဆီးထိန်းသိမ်းထားခြင်းမရှိကြောင်း သိရသည်။ **အမ်အင်အေ၊ရိုက်တာ။**

အာဖဂန်နစ္စတန်နိုင်ငံ အာရပ်စ်ဒေသ၌ အမေရိကန်စစ်ဘက်ယာဉ်တန်းကို ဗုံးခွဲတိုက်ခိုက်ရာ အပျက်အစီးများကိုတွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ရာဟူးအင်တာနက်ကုမ္ပဏီမှ အလုပ်သမားဇရာခိုင်နှုန်းလျှော့ချမည်

ပေကျင်း မေ ၂၅

ကမ္ဘာအနှံ့အသုံးပြုနေသောအင်တာနက်ကုမ္ပဏီရာဟူးမှ ပထမသုံးလပတ်ကာလတွင် ဝင်ငွေ ၇၈ရာခိုင်နှုန်းကျဆင်းမှု ကြောင့် အလုပ်သမား ၆၀၀ ကျော်ကို အလုပ်မှ ရပ်ဆိုင်းမည်ဖြစ်ကြောင်း မေ ၂၁ ရက်က ပြောကြားသည်။

ရာဟူးအင်တာနက်ကုမ္ပဏီ၏ စီးပွားရေးအခြေအနေသည် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရကြောင်း၊ ကယ်လီဖိုးနီးယားအခြေစိုက် ဆူနီဗေးလ်ကုမ္ပဏီသည် ၂၀၀၈ခုနှစ် ပထမသုံးလပတ်မှ အသားတင်ဝင်ငွေသည် အမေရိကန်ဒေါ်လာ ၅၃၆ ဒသမ ၈သန်းဖြစ်၍ ယခုနှစ်ပထမသုံးလပတ်၏ အသားတင် ဝင်ငွေသည် ၁၁၇ ဒသမ ၆ သန်းဖြစ်ကြောင်း ယင်းကုမ္ပဏီမှပြောကြားသည်။ **အင်တာနက်။**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တည်ဆောက်ပြီးစီးသွားသည့် ကျိုင်းတုံတက္ကသိုလ် နှစ်ထပ်စာသင်ဆောင်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

✧ နိုင်ငံတော်မှ

ယင်းနောက် ကျိုင်းတုံမြို့အဝင် ကျိုင်းတုံ-တောင်ကြီးလမ်းအနီးရှိ နမ့်စန်-ကျိုင်းတုံ ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းသို့ ရောက်ရှိပြီး စက်ယန္တရားများဖြင့် ကျိုင်းတုံဘူတာယာဒ်ဝင်း တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ နိုင်ငံတော်ဝန်ကြီးချုပ်အား ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ လမ်းအူကြောင်းတိုင်းတာမှု အခြေအနေ၊ နမ့်စန် - တာကော်လမ်းပိုင်းနှင့် တာကော် - ကျိုင်းတုံ လမ်းပိုင်းတို့တွင် မြေကြီးလုပ်ငန်း၊ တာပေါင်လုပ်ငန်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် စက်ယန္တရားများ အသုံးပြုမှုအခြေအနေတို့ကို ပရိုဂျက်တာနှင့် မြေပုံများဖြင့် ရှင်းလင်းတင်ပြပြီး ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဖြည့်စွက် ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လုပ်ငန်းများဆောင်ရွက်ရာတွင် သတ်မှတ် လျာထားချက်များအလိုက် အမြန်ပြီးစီးနိုင်ရေးအတွက် သာမန်လုပ်ငန်းများဆောင်ရွက်နိုင်သော နေရာများတွင် လုပ်ငန်းအဖွဲ့များဖြန့်ခွဲ၍ တစ်ချိန်တည်း တစ်ပြိုင်တည်းဆောင်ရွက်သွားရန်နှင့် အခက်အခဲရှိသော နေရာများတွင် လုပ်ငန်းအဖွဲ့များစုစည်း၍ အင်နှင့်အားနှင့် ဆောင်ရွက်သွားရန်မှာကြားသည်။

အဆိုပါ နမ့်စန်-ကျိုင်းတုံရထားလမ်းသည် အရှည် ၁၉၈ မိုင်ရှိပြီး စီမံကိန်းတွင် ဘူတာပေါင်း ၄၀၊ တံတား ၁၀၃၉ စင်းနှင့် ဥမင် ခုနစ်ခုတို့ကို ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကျိုင်းတုံတက္ကသိုလ်သို့ရောက်ရှိရာ ကျိုင်းတုံတက္ကသိုလ် ခေတ္တပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာဒေါ်ချောခင်နှင့် ဆရာ၊ ဆရာမများက ကြိုဆိုကြပြီး ခေတ္တပါမောက္ခချုပ်က တက္ကသိုလ်သမိုင်း၊ သင်ကြားပို့ချလျက်ရှိသော အထူးပြုဘာသာရပ်များ၊ ကျောင်းသားဦးရေ၊ ဆရာ၊ ဆရာမ အင်အားနှင့် စာသင်ဆောင်များ အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် တည်ဆောက်ပြီးစီးသွားသည့် နှစ်ထပ်စာသင်ဆောင်နှင့် တည်ဆောက်ဆဲ နှစ်ထပ်စာသင်ဆောင်တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျောင်းဝင်းအတွင်း စိမ်းလန်းစိုပြည် သာယာလှပရေးအတွက် ပန်းအလှပင်နှင့် အရိပ်ရပင်များကို စီမံချက်ဖြင့် စိုက်ပျိုးရန် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မွန်းလွဲပိုင်းတွင် နည်းပညာတက္ကသိုလ်(ကျိုင်းတုံ)သို့ရောက်ရှိရာ နည်းပညာတက္ကသိုလ်(ကျိုင်းတုံ) ခေတ္တကျောင်းအုပ်ကြီး ဒေါက်တာဇော်မင်းနှင့် ဆရာ၊ ဆရာမများ၊ ကွန်ပျူတာတက္ကသိုလ်(ကျိုင်းတုံ) ခေတ္တကျောင်းအုပ်ကြီး ဒေါက်တာ ဒေါ်အေးအေးခိုင်နှင့် ဆရာ၊ ဆရာမများက ကြိုဆိုကြသည်။

ဆက်လက်ဖော်ဆောင်မည့် မူဝါဒလမ်းစဉ် (၇)ရပ်၏အဆင့်များ အောင်မြင်စွာ အကောင်အထည်ဖော် ဖြစ်ထွန်းလာစေရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်တို့ကိုအခြေခံပြီး တစ်စိတ်တည်း၊ တစ်ဝမ်းတည်း စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် လက်တွဲပူးပေါင်း ကြိုးပမ်းဆောင်ရွက်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်အား ခေတ္တကျောင်းအုပ်ကြီးများက တက္ကသိုလ်များ၏ သမိုင်း၊ သင်ကြားပို့ချလျက်ရှိသည့် အထူးပြုဘာသာရပ်များ၊ ကျောင်းသားဦးရေ၊ ဆရာ၊ ဆရာမအင်အားနှင့် စာသင်ဆောင်များ အခြေအနေတို့ကို ရှင်းလင်းတင်ပြကြပြီး သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်စိုးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်က ကျိုင်းတုံတက္ကသိုလ်၊ နည်းပညာတက္ကသိုလ် (ကျိုင်းတုံ)နှင့် ကွန်ပျူတာတက္ကသိုလ်(ကျိုင်းတုံ)တို့မှ ဆရာ၊ ဆရာမများအား တွေ့ဆုံရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ် မျှော်မှန်းတည်ဆောက်လျက်ရှိရာတွင် ပညာအရည်အသွေးပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များသည် အဓိကအခန်းကဏ္ဍမှ ပါဝင်ကြောင်း၊ မိမိတို့နိုင်ငံတွင် သဘာဝအရင်းအမြစ်သယံဇာတများ ပေါများစွာရှိပြီးဖြစ်၍ အဆိုပါသယံဇာတများကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရန်နှင့် စက်မှုနိုင်ငံအဖြစ် ထူထောင်ရန်အတွက် နည်းပညာ၊ အတတ်ပညာရှင်များ လိုအပ်ကြောင်း၊ ယနေ့ ကမ္ဘာကြီးသည် အချိန်နှင့်အမျှ ဖြစ်ပေါ်တိုးတက်ပြောင်းလဲလျက်ရှိရာ နိုင်ငံတကာနှင့် ရင်ပေါင်တန်း လိုက်ပါနိုင်ရန် လိုအပ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် IT နည်းပညာရပ်များကို လေ့လာနိုင်ရန်လည်း ဖန်တီးဖော်ဆောင် ပေးထားပြီးဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားပြီး တက္ကသိုလ်များမှ မွေးထုတ်ပေးလိုက်သော ကျောင်းသား ကျောင်းသူများသည် နိုင်ငံတော်ကို အကျိုးပြုနိုင်မည့် ထူးချွန်ထက်မြက်သူများ ဖြစ်လာစေရေးသင်ကြားပေးရန်၊ တပည့်များကို ထူးချွန်ထက်မြက်သူများဖြစ်စေရေး သင်ကြားပေးနိုင်ရန် ဆရာ၊ ဆရာမများကိုယ်တိုင် မိမိတို့သင်ကြားသော ဘာသာရပ်များအလိုက် ကျွမ်းကျင်တတ်မြောက်နေစေရေး စဉ်ဆက်မပြတ်လေ့လာရန်၊ မိမိတို့၏ တပည့်များကို အတတ်ပညာကျွမ်းကျင်ရေး သင်ကြားပေးရုံသာမက စည်းကမ်းရှိသူများ၊ တရားဥပဒေလေးစားလိုက်နာသူများ၊ အကျင့်စာရိတ္တကောင်းသူများ၊ ပြည်ထောင်စုစိတ်ဓာတ် ရင့်သန်ထက်မြက်သူများ ဖြစ်စေရေး လေ့ကျင့်ပညာပေးရန်၊ မိမိတို့ဒေသများ၏ လူမှုစီးပွားရေးဆိုင်ရာ အကျိုးဖြစ်ထွန်းမည့် လုပ်ငန်းများအတွက် တီထွင်ဆန်းသစ်မှုများကို အမြဲမပြတ်ဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်သည် ကျိုင်းတုံမြို့နယ် ဝမ်မိုင်ကျေးရွာအနီးရှိ တြိဂံဒေသတိုင်းစစ်ဌာနချုပ်က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ပြည်ငြိမ်းအေး တန်ဖိုးနည်းအိမ်ရာစီမံကိန်းသို့ ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ တြိဂံဒေသတိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီး ဝင်းနိုင်ထွေးက အိမ်ရာဆောက်လုပ်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဖြိုးတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားပြီး တန်ဖိုးနည်းအိမ်ရာများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါစီမံကိန်းသည် ကျိုင်းတုံမြို့၌ အခြေချနေထိုင်မည့် အငြိမ်းစားဝန်ထမ်းများ စိတ်အေးချမ်းစွာဖြင့် နေထိုင်နိုင်ရန် အကျယ်(၂၄ပေ × ၁၆ပေ)ရှိ ကွန်ကရစ်ခင်း၊ အုတ်နံရံ၊ သွပ်မိုးအိမ်ရာများကို ဆောက်လုပ်ပေးပြီး စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် လယ်ယာမြေများကိုပါ စီစဉ်ပေးထားသည်။

ယင်းတန်ဖိုးနည်းအိမ်ရာစီမံကိန်းတွင် အခြေခံပညာမူလတန်းကျောင်း၊ အားကစားကွင်း၊ ဈေးနှင့် ပန်းခြံတို့ကိုပါ စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရှိရသည်။

(သတင်းစဉ်)

နည်းပညာတက္ကသိုလ် (ကျိုင်းတုံ) ကို တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် နည်းပညာတက္ကသိုလ်(ကျိုင်းတုံ)နှင့် ကွန်ပျူတာတက္ကသိုလ်(ကျိုင်းတုံ)တို့မှ ခေတ္တကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၆-၄-၂၀၀၉ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၀ ၆။ မိုးယွန်းကြီးရေထိန်းတံခါး
၈း၁၀ ၇။ အကပြိုင်ပွဲ
၈း၁၅ ၈။ **"ကောင်းခြင်းဝေဖြာ" (ထွန်းထွန်းနိုင်၊ရန်ပိုင်စိုး၊ပိုင်ဇေရဲထွန်း၊မင်းသူ၊မြင့်မြင့်ခိုင်၊ခင်မို့မို့အေး၊ချစ်စန်းဦး) [ဒါရိုက်တာ-အောင်မိုး(ပဲရစ်)]**
၈း၃၀ ၉။ International News
၈း၄၅ ၁၀။ တေးဂီတအစီအစဉ်
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တစ်ပတ်အတွင်းနိုင်ငံတကာ သတင်းစဉ်
၁၁း၂၀ ၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အားကိုးချစ်သူကျေးတောသူ" (အပိုင်း-၄၀)**
၁၂း၂၀ ၄။ Golf Magazine(TV)
၁၂း၄၀ ၅။ **မြန်မာဗီဒီယိုဇာတ်လမ်း "ဘဦးရေကူးနေသည်" (ဖိုးသောကြာ၊အရိုင်း၊ရတနာခင်)[ဒါရိုက်တာ-ဥက္ကာဗို]**
၂း၃၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၂း၄၀ ၇။ **"အနိုင်အရှုံး" (ပိစိ၊ကောင်းမြတ်) [ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ]**
၂း၄၅ ၈။ International News
၃း၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ အဆိုပြိုင်ပွဲ
၄း၁၅ ၃။ နိုင်ငံ့စီးပွားအလေးထားကျေးလက်ထုတ်ကုန်များ
၄း၂၅ ၄။ တေးဂီတအစီအစဉ်
၄း၃၅ ၅။ **အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ-ပထမနှစ်(ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)**
၄း၅၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅း၀၀ ၇။ လက်ဆင့်ကမ်းပေးဂီတတေး
၅း၁၅ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
၆း၀၀ ၉။ ညနေခင်းသတင်း
၆း၃၀ ၁၀။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၁။ ကာတွန်းအစီအစဉ် "Pocket Dragon Adventure"
၆း၅၅ ၁၂။ **တစ်မျက်နှာတစ်ကွက်စာ "ပီယမောင်" (ဒိန်းဒေါင်၊အိတုန်၊သူဇာပွင့်၊ဝါဝါ၊ မယ်လနီ) [ဒါရိုက်တာ-ထင်ထင်]**
၇း၁၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူ့သက်ထား"(အပိုင်း-၈)**
၈း၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ **ကာတွန်းအစီအစဉ် "ဒိုင်နိုဆောမိသားစု စွန့်စားခန်း"(အပိုင်း-၂)**
၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကျေးဇူးတင်ပါတယ်" (အပိုင်း-၅)**
၁၉။ အစီအစဉ်ပြီး၏။

○ သောက်သုံးရေမှ

အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးပေါက်ကျော်၏ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် သာစည်မြို့ တစ်မြို့လုံးကို သန့်ရှင်းသော သောက်သုံးရေဖြန့်ဖြူးပေးနေသည့် မင်းလှကန်ကြီးသို့ သွားရောက်လေ့လာခဲ့သည်။ ထိုကန်ကြီးမှာ ရှေးမင်းအဆက်ဆက်က ဆည်ဖို့ခဲ့ပြီး ၁၉၈၈ခုနှစ်နောက်ပိုင်း နိုင်ငံတော်က ငွေကြေးအမြောက်အမြား အကုန်အကျခံကာ အဆင့်မြှင့်တင်မွမ်းမံပေးခဲ့သောကန် ဖြစ်ကြောင်း သိရသည်။ ယင်းမင်းလှကန်ကြီးသည် သာစည်မြို့၏ အနောက်တောင်ဘက်တွင် တည်ရှိပြီး ယခုအခါ အဆိုပါကန်မှသာစည်မြို့အား သန့်ရှင်းသော သောက်သုံးရေတစ်မြို့လုံး ဖြန့်ဖြူးပေးလျက်ရှိသည့် အပြင် မိုးစပါးနှင့် နွေစပါးဧကများစွာအတွက် စိုက်ပျိုးရေ ပေးဝေလျက်ရှိသည်ကို တွေ့ရသည်။

သာစည်မြို့နယ် စိုက်ပျိုးရေးနှင့် သောက်သုံးရေ ဖြန့်ဖြူးပေးနေသော မင်းလှကန်အား ဤသို့တွေ့ရစဉ်။

(သတင်းစဉ်)

"ဒီမင်းလှကန်ကြီးကို နိုင်ငံတော်က ပြန်လည်ဆည်ဖို့ ပြုပြင်မွမ်းမံပေးနိုင်ခဲ့မှုကြောင့် ယခုအခါမှာ စိုက်ပျိုးရေးအပြင် သာစည်မြို့တစ်မြို့လုံးအား သန့်ရှင်းသောသောက်သုံးရေ ရရှိရေးအတွက် များစွာအထောက်အကူ ပြုနေပါတယ်။ ဒီမင်းလှကန်ကြီးကသာစည်မြို့ တစ်မြို့လုံးသို့ နေ့စဉ် ရေဂါလန်ပေါင်း သုံးသိန်းခန့် ဖြန့်ဖြူးပေးဝေလျက် ရှိပါတယ်"ဟု သာစည်မြို့ မြို့နယ်စည်ပင်သာယာရေးရုံးမှ ရေပေးဝေရေးတာဝန်ခံ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးစိုးမိုးအောင်က ရှင်းပြသည်။

"ကျွန်တော်တို့ မင်းလှကန်ကြီးမှ သန့်ရှင်းသောသောက်ရေ ရရှိရေး ဆောင်ရွက်ခဲ့ရာမှာ ဦးစွာပထမ မင်းလှကန်ကြီးမှရေများကို လက်တံရေသွယ်မြောင်းဖြင့် ရေစုကန်သို့ သွယ်ယူပါတယ်။ ရေစုကန်မှတစ်ဆင့် ရေစစ်ကန်သို့ပို့လွှတ်ပြီး သုံးဆင့်စစ်ယူပြီးမှ မြို့ပေါ်ခုနစ်ရပ်ကွက်သို့ သန့်ရှင်းသော ရေကောင်းရေသန့်များ ဖြန့်ဖြူးပေးနေပါတယ်။ ဒါ့အပြင် ဒီမင်းလှကန်ကြီးက နှစ်စဉ်မိုးစပါးဧက ၁၀၀၀၀ ကျော်နဲ့ နွေစပါးဧက ၆၀၀ကျော်ခန့်အတွက် စိုက်ပျိုးရေများ ဖြန့်ဖြူးပေးနေပါတယ်" ဟု ဦးစိုးမိုးအောင်က ဆက်လက်ရှင်းပြသည်။

အဆိုပါ မင်းလှကန်ကြီးကို နိုင်ငံတော်က ၁၉၉၄ ခုနှစ်တွင် ပြုပြင်မွမ်းမံပေးခဲ့ကြောင်း သိရသည်။ ယင်း မင်းလှကန်ကြီးသည် သာစည်မြို့ အနောက်တောင်ဘက် ဇီးတောချောင်းပေါ်၌ တည်ဆောက်ထားခြင်းဖြစ်သည်။ တမံအလျားမှာ ပေ ၂၄၅၀၀ ရှိပြီး မြေသားတမံအမျိုးအစား ဖြစ်သည်။ တမံအမြင့်ဆုံးအပိုင်းမှာ ပေ ၂၀၀၀ အမြင့်ရှိသဖြင့် ကန်ဟုခေါ်တွင်သော်လည်း ဆည်တမျှကြီးမားလှသည်။

ယင်း မင်းလှကန်၏ ရေလှောင်နိုင်သည့် ပမာဏကို လေ့လာကြည့်လျှင် ကန်ရေပြည့် ရေလှောင်ပမာဏ ၂၀၇၄၃ ဧကပေရှိပြီး လယ်မြေဧက ၁၈၅၁၈ ဧကပေ စိုက်ပျိုးရေဖြန့်ဝေပေးနိုင်သည်။ မင်းလှကန်ကြီးတွင် ရေပိုလွှဲတစ်ခု၊ ရေထုတ်ပေါက် ငါးခု၊ ရေပေးမြောင်း ငါးခုဖြင့် တည်ဆောက်ထားသည်ကို တွေ့ရသည်။

နိုင်ငံတော်က ၁၉၈၈ခုနှစ်နောက်ပိုင်း ကျေးလက်ဒေသများ လယ်ယာကုန်ထုတ်စွမ်းအား မြင့်မားလာစေရေးအတွက် ဆည်မြောင်း တာတမံများ အမြောက်အမြား တည်ဆောက်ပေးလျက်ရှိသည့်အပြင် ရှိရင်းစွဲ ဆည်မြောင်း၊ ကန်ချောင်းတို့ကိုလည်း အဆင့်မြှင့်တင် မွမ်းမံပေးလျက်ရှိပါကြောင်း ကွင်းဆင်းရေးသား တင်ပြလိုက်ရပါသည်။ ။

မင်းလှကန်မှ ရေစစ်ကန်သို့ ဤသို့ တူးမြောင်းဖြင့် သွယ်ယူထားသည်ကို တွေ့ရစဉ်။

သဲကန္တာရတွင် သစ်ပင်များ စိုက်ပျိုးထားသည်ကို တွေ့ရစဉ်။

✳ ကန္တာရမှ

သုံးပုံတစ်ပုံခန့်မှာ သဲကန္တာရများ ဖြစ်ကြောင်း၊ မြောက်ကမ္ဘာခြမ်းတွင်ရောတောင်ကမ္ဘာခြမ်းတွင်ပါ သဲကန္တာရများ တည်ရှိနေကြောင်း လေ့လာချက်အရ သိရသည်။

စိုက်ပျိုးနိုင်

ဂျပန်နိုင်ငံရှိ သဲကန္တာရများ စိမ်းလန်းစိုပြည်ရေးအသင်းသည် ကမ္ဘာတစ်ဝန်းရှိ သဲကန္တာရများ၌ သစ်ပင်များ စိုက်ပျိုးနိုင်ရန် အားပေးကူညီလျက်ရှိသည်။ လွန်ခဲ့သည့် ၁၀နှစ်အတွင်း မွန်ဂိုလီးယားဒေသရှိ ကူဘူချီ သဲကန္တာရ (Kubuchi desert)တွင် ကြီးထွားမြန်သော ပေါ်ပလာပင် သုံးသန်းကျော် စိုက်ပျိုးနိုင်ရန် ဂျပန်နိုင်ငံမှ ကူညီခဲ့ကြောင်း အဆိုပါအသင်း၏ ဥက္ကဋ္ဌ မာဆာအို ကိုယာမာက ပြောကြားသည်။ ၎င်းသည် လွင်တီးခေါင်မြေသုတေသန ဗဟိုဌာနမှ ပါမောက္ခတစ်ဦးလည်းဖြစ်သည်။

သဲကန္တာရမြေများတွင် ဟင်းသီးဟင်းရွက်ပင်များနှင့် သစ်သီးဝလံပင်များ စိုက်ပျိုးနိုင်ခြင်းဖြင့် ဒေသခံပြည်သူများအတွက် စီးပွားရေးအကျိုးအမြတ်များ ရရှိနိုင်ကြောင်း မာဆာအိုက ပြောကြားသည်။

ကန္တာရတွင် သဲများသည် မြေလွှာအတွင်း လေဝင်လေထွက်ပေါက်များအဖြစ် တည်ရှိကြောင်း၊ ကန္တာရဒေသများ၌ နေရောင်ခြည် အလုံလောက်ရရှိကြောင်း၊ အကယ်၍ ကန္တာရဒေသ၌ ရေရရှိအောင် ပြုလုပ်ပေးနိုင်မည်ဆိုပါက ကန္တာရမြေကို စိုက်ပျိုးမြေအဖြစ် အသုံးပြုနိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ***အင်တာနက်။***

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၆-၄-၂၀၀၉ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ မြဝတီအဖွင့်
၁၁း၀၅ ၂။ အဖွင့်သီချင်း
၁၁း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁း၂၅ ၄။ **ကာတွန်းအစီအစဉ် -ဂြိုဟ်ကမ္ဘာမှသတ္တဝါများ (အပိုင်း-၁၉)**
၁၂း၀၀ ၅။ **မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် - ကြွေလဲမွေးသောပန်း**
၁း၃၀ ၆။ ကျန်းမာသုတ
၁း၄၅ ၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မောင်နဲ့သာဆိုရင် (အပိုင်း-၄၂)**
၂း၄၅ ၈။ အပိတ်နှုတ်ဆက်စကား
၂း၅၀ ၉။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ ချိုမြလက်သံ ငြိမ့်ညောင်းဟန်
၄း၄၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄း၅၀ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၀၀ ၇။ သံစဉ်များနဲ့ကမ္ဘာ
၆း၀၀ ၈။ မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀ ၉။ နိုင်ငံတကာသတင်း
၆း၂၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၆း၃၀ ၁၁။ လျှပ်တစ်ပြက်ရိုက်ချက်
၆း၄၅ ၁၂။ ဂရင်းနစ်ကမ္ဘာ့ စံချိန်တင်ပြိုင်ပွဲများ
၇း၀၀ ၁၃။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း - ကြီးမြတ်သူတို့ နှလုံးသား (အပိုင်း-၄၃)**
၈း၀၀ ၁၄။ မြဝတီရုပ်မြင်သံကြား သတင်း
၁၅။ မိုးလေဝသသတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ ပဟေဠိနန်းတော်
၁၈။ ကျန်းမာသုတ
၁၉။ ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်
၂၀။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -အမှန်တရားရဲ့ ဘက်တော်သား (အပိုင်း-၁၆)**
၂၁။ သင့်အတွက်မနက်ဖြန်
၂၂။ အပိတ်နှုတ်ဆက်စကား
၂၃။ ပြီးပါပြီ။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ကဒ္ဒပ္ပနရေထိန်းတံခါး ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ကျောက်တန်းနှင့် သုံးခွမြို့နယ်အတွင်းမှ လယ်မြေဧက ၁၅၀၀၀ အကျိုးဖြစ်ထွန်းရန် ကဒ္ဒပ္ပနရေထိန်းတံခါးဖွင့် အကောင်အထည်ဖော်ခဲ့သည့် ဆည်တမံ ၂၂၁ ခုက လယ်မြေဧက နှစ်သန်းရှစ်သိန်းခန့်ကို အကျိုးခံစားရအောင်ဆောင်ရွက်ပေးခဲ့

ရန်ကုန် မေ ၂၅

ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် ကဒ္ဒပ္ပနကျေးရွာအနီး၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)က တာဝန်ယူတည်ဆောက်ပြီးစီးသွားသည့် ကဒ္ဒပ္ပနရေထိန်းတံခါး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါရေထိန်းတံခါးအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်၍ အမှာစကားပြောကြားပြီး ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အမှာစကားပြောကြားရာ၌ ယခုရေထိန်းတံခါးကိုတည်ဆောက်ဖွင့်လှစ်နိုင်ပြီ ဖြစ်သည့်အတွက် စိုက်ပျိုးမြေဧက ၁၅၀၀၀ကို ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ပေးသွားနိုင်မည်ဖြစ်ကြောင်း၊ ဒေသစိမ်းလန်းစိုပြည်စေရေးနှင့် သောက်သုံးရေ အခက်အခဲကိုပါ အထောက်အကူပြုစေမည့် စီမံကိန်းလုပ်ငန်းဖြစ်ကြောင်း။

ယခုဖွင့်လှစ်လိုက်သော ကဒ္ဒပ္ပန ရေထိန်းတံခါးသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက တာဝန်ယူပြီးနောက်ပိုင်း တည်ဆောက်ပြီးစီးခဲ့သည့် ၂၂၁ခုမြောက် ဆည်မြောင်းစီမံကိန်းဖြစ်ပြီး ရန်ကုန်တိုင်းအနေဖြင့် ၁၉ခုမြောက် ဆည်မြောင်းစီမံကိန်းလုပ်ငန်းလည်းဖြစ်ကြောင်း။

ရန်ကုန်တိုင်းအတွင်း၌ရှိသော သုံးခွမြို့နယ်နှင့် ကျောက်တန်းမြို့နယ်များတွင် ရှိသည့် ရေကြီးရေလွှမ်းကွင်းများမှ မိုးရာသီ ရေပိုရေလျှံများကို ကဒ္ဒပ္ပနချောင်းအတွင်း ဒီရေကျချိန်တိုင်း၌ ရေတံခါးမှတစ်ဆင့် ထုတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ ဒီရေတက်ချိန်တွင် ပင်လယ်ဆားငန်ရေများ ကုန်းတွင်းသို့ဝင်ရောက်မှု မရှိစေရန် တားဆီးထားနိုင်မည်ဖြစ်ကြောင်း။

ထို့အပြင်မိုးနှောင်းကာလတွင် ရေချိုများသိုလှောင်ထိန်းသိမ်းထားပြီး မိုးစပါးအောင်ရေပေးဝေကာ ဆောင်းသီးနှံများအတွက်လည်း အစိုဓာတ် ထိန်းသိမ်းပေးနိုင်မည်ဖြစ်ကြောင်း၊ နွေရာသီတွင် ပင်လယ်ဆားငန်ရေနှင့် သဲနုန်းများဝင်ရောက်ခြင်းမှ ကာကွယ်ပေးခြင်းအားဖြင့် လယ်မြေများ အငန်ဓာတ်ပေါက်ခြင်းနှင့် ချောင်းများတိမ်ကောမှုကိုလည်း ကာကွယ်တားဆီးပေးနိုင်မည်ဖြစ်ကြောင်း။

ယနေ့ဖွင့်လှစ်သည့် ကဒ္ဒပ္ပနရေထိန်းတံခါးကြီးသည် ရေတံခါးပေါက် ၂၇ပေါက် ပါဝင်ပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ဝန်းကျင် မိုင် (၃၀)ပတ်လည် စိမ်းလန်းစိုပြည်ရေးစီမံကိန်း စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ၏ အစိတ်အပိုင်းတစ်ခုအဖြစ် ပြီးမြောက် အောင်မြင်သွားသည့်အတွက် အထူးပင် ဂုဏ်ယူဝမ်းမြောက်ကြောင်း။

ရေရှည်သားစဉ်မြေးဆက် ဆက်လက်အကျိုးခံစားနိုင်အောင် မိမိတို့၏ ကိုယ်ပိုင်ဥစ္စာသဖွယ် ထိန်းသိမ်းစောင့်ရှောက်ကြရန်နှင့် သတ်မှတ်ထားသည့် ဆည်မြောင်းတာတမံဆိုင်ရာ ဥပဒေများကို လေးစားလိုက်နာကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြင့်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲက ကျေးလက်ဒေသဖွံ့ဖြိုးရေးမူကြီး(၅)ရပ် အကောင်အထည်ဖော်ရန် လမ်းညွှန်ထားကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးမူကြီး(၅)ရပ်မှာ ကျေးရွာများ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ ရေကောင်းရေသန့်ရရှိရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် ဒေသဖွံ့ဖြိုးရေးများ ဖြစ်ကြောင်း။

ရန်ကုန်တိုင်းအတွင်း ရေရရှိရေးနှင့် စပ်လျဉ်းပြီး ရေလှောင်တမံကိုးခုရှိပြီး သောက်သုံးရန်နှင့် စိုက်ပျိုးရန် ရေလှောင်တမံ ခြောက်ခု၊ ရေကူဆည် သုံးခုရှိကြောင်း၊ မြစ်ရေတင်စီမံကိန်း ၂၂ခု တည်ဆောက်ထားပြီး ဖြစ်ကြောင်း။

လက်ရှိဖွင့်လှစ်သည့် ကဒ္ဒပ္ပနရေထိန်းတံခါးမျိုး ရန်ကုန်တိုင်းအတွင်း စုစုပေါင်း ၁၁၅ခု တည်ဆောက်ထားကြောင်း၊ ရေထိန်းတံခါး ၁၄ခုမှာ စိုက်ပျိုးရေးအတွက် အသုံးပြုနိုင်ပြီး ကျန်ရေထိန်းတံခါးများမှာ သဘာဝဘေးဒဏ်ကာကွယ်ရေး၊ ရေငန်ရေတားဆီးရေး၊ ရေချိုရေထိန်းသိမ်းရေးတို့အတွက် ဖြစ်ကြောင်း။

ယခုကဲ့သို့ ရေလှောင်တမံများ၊ ရေထိန်းတံခါးများ၊ မြစ်ရေတင်စီမံကိန်းများကြောင့် ရန်ကုန်တိုင်းအတွင်း ရေချိုရရှိခြင်း၊ စိုက်ပျိုးမြေကို နွေ/မိုး/ဆောင်း စိုက်ပျိုးနိုင်ခြင်း၊ ရေငန်ဝင်ခြင်းမှ တားဆီးနိုင်ခြင်းနှင့် ရန်ကုန်မြို့ မိုင် (၃၀)ပတ်လည်စိမ်းလန်းစိုပြည်ရေးကိုပါ အထောက်အကူပြုသည့်အတွက် သဘာဝဘေးဒဏ်များကိုပါ ကာကွယ်ပြီး အမြဲစိမ်းလန်းစိုပြည်သော တိုင်းကြီးအဖြစ် ရရှိမည်ဖြစ်သည့်အတွက် စီမံပေးသော နိုင်ငံတော်အကြီးအကဲနှင့် တည်ဆောက်ပေးသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို နယ်မြေခံ လူထုနှင့်အတူ အထူးကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးက အမှာစကားပြောကြားရာ၌ စိုက်ပျိုးရေရရှိရေးနှင့် ရေဘေးကာကွယ်ရေးလုပ်ငန်းများအတွက် ဆည်တမံနှင့် ရေထိန်းတံခါး တည်ဆောက်မှုများကို တပ်မတော်က နိုင်ငံတော်တာဝန်ကို စတင်ယူခဲ့သည့် ၁၉၈၈ခုနှစ်မှစပြီး အလေးထားဆောင်ရွက်ပေးခဲ့ကြောင်း၊ ယနေ့ ဖွင့်လှစ်လိုက်သည့် ကဒ္ဒပ္ပနရေထိန်းတံခါးသည် ၂၂၁ခုမြောက် စီမံကိန်းဖြစ်ပြီး စီမံကိန်းများ ဆောင်ရွက်နေဆဲဖြစ်ကြောင်း။

ကဒ္ဒပ္ပနရေထိန်းတံခါးကြီးကိုခြောက်ပေ၊ ၁၆ပေ ရေတံခါးပေါက် ၂၇ခုပါသည့် ကွန်ကရစ်ရေတံခါးကြီးအဖြစ် တည်ဆောက်ထားခြင်းဖြစ်ပြီး ကျောက်တန်းနှင့် သုံးခွမြို့နယ်အတွင်းမှ လယ်မြေဧက ၁၅၀၀၀ကို အကျိုးဖြစ်ထွန်းစေရန်အတွက် နိုင်ငံတော်က ငွေကျပ်သန်းပေါင်း ၂၅၈၀ကျော် အကုန်အကျခံတည်ဆောက်ထားခြင်းဖြစ်ကြောင်း။

အကျိုးပြုဧက

ယခုရေထိန်းတံခါးက အကျိုးပြုမည့် မြို့နယ်နှစ်ခုရှိ ကျေးရွာအုပ်စု ၁၀ခု၌ မူလက မိုးစပါးကိုဧက ၁၄၀၀၀ကျော် ပထမသီးနှံအနေဖြင့် စိုက်ပျိုးကြကြောင်း၊ ဆက်လက်ပြီး သီးထပ်အဖြစ် ပဲတီစိမ်းနှင့် နေကြာသီးနှံကိုဧက ၁၀၀၀၀ကျော်စိုက်ပျိုးကြသည့်အတွက် စုစုပေါင်း သီးနှံစိုက်ဧရိယာသည် ဧက ၂၄၀၀၀ကျော်ရှိကြောင်း၊ ယခုအချိန်တွင် ရေထိန်းတံခါးတည်ဆောက်ပြီးစီးသွားခြင်းကြောင့် ပထမသီးနှံမိုးစပါးကို ဧက ၁၄၀၀၀ ကျော်အပြင် သီးထပ်အဖြစ် နွေစပါးဧက ၁၂၀နှင့် ပဲတီစိမ်း၊ နေကြာသီးနှံဧက ၁၁၆၀၀ ကို စိုက်ပျိုးလာနိုင်မည်ဖြစ်၍ စုစုပေါင်းသီးနှံစိုက်ဧက ၂၅၆၃၃ဧကအထိ ရှိလာမည်ဖြစ်ကြောင်း။

၎င်းရေထိန်းတံခါးကို ၂၀၀၆-၂၀၀၇ ခုနှစ်ကစပြီး နှစ်နှစ်တာကာလအတွင်း လုပ်ငန်းများပြီးစီးအောင် ဆောင်ရွက်ခဲ့ကြောင်း။

တပ်မတော်ကနိုင်ငံတော်တာဝန်ယူခဲ့သည့်အချိန်ကစပြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် လယ်ယာမြေဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းကြီးများအဖြစ်ဖြင့် ဆည်တမံစီမံကိန်းလုပ်ငန်းပေါင်း ၂၂၁ ခုက တိုတောင်းသောအချိန်ကာလများအတွင်းတွင် နိုင်ငံနှင့်အဝန်း လယ်ယာမြေဧကနှစ်သန်းရှစ်သိန်းခန့်ကို အကျိုးခံစားရအောင် ဆောင်ရွက်ပေးခဲ့ပြီဖြစ်ကြောင်း၊ ယင်းအနက် ရန်ကုန်တိုင်းအတွင်း၌ဆိုလျှင် ယခုကဒ္ဒပ္ပနရေထိန်းတံခါးစီမံကိန်းကြီးများအပါအဝင် ဆည်မြောင်းစီမံကိန်း ၁၉ ခုသည် အခြေခံအဆောက်အအုံကောင်းများအဖြစ် အထင်အရှား ဖြစ်ထွန်းလာခဲ့ပြီးဖြစ်ကြောင်းဖြင့် ပြောကြားသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❍

ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် ကဒ္ဒပ္ပနကျေးရွာအနီးရှိ ကဒ္ဒပ္ပနရေထိန်းတံခါးကို တွေ့ရစဉ်။ (သတင်းစဉ်)

❍ စာမျက်နှာ ၁၀ မှ

ထို့နောက် ကဒပ္ပနရေထိန်းတံခါး တည်ဆောက်ပေးခြင်းကြောင့် နိုင်ငံတော်အစိုးရအား ကျေးဇူးတင်ရှိပါကြောင်းဖြင့် ဒေသခံပြည်သူများကိုယ်စား ကျောက်တန်းမြို့နယ်မှ ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် တက်ရောက်လာကြသူများအား လက်ဆောင်များကို ပေးအပ်ကြပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့က ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် မုခ်ဦးရှေ့၌နေရာယူကြပြီး တိုင်းမှူးနှင့် ဝန်ကြီးတို့က ကဒပ္ပနရေထိန်းတံခါးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ကဒပ္ပနရေထိန်းတံခါးကို လှည့်လည် ကြည့်ရှုစစ်ဆေးကြသည်။

ဖြည့်စွက်မှာကြား

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေအား တည်ဆောက်ရေး (၆)မှ ညွှန်ကြားရေးမှူးက ကဒပ္ပနရေထိန်းတံခါး တည်ဆောက်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ထို့နောက် ဝန်ကြီးက စိုက်ပျိုးထုတ်လုပ်မှု မြင့်မားတိုးတက်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သက်ကြီးပူဇော်ပွဲနှင့် ဇီဝိတဒါန စုပေါင်းငါးလွှတ်ပွဲ အခမ်းအနား တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့်နှင့်ဇနီး တက်ရောက်

ရန်ကုန် ဧပြီ ၂၅

၁၃၇၁ ခုနှစ် မြန်မာနှစ်ဆန်း ၁ ရက်နေ့ သက်ကြီးပူဇော်ကန်တော့ပွဲ အခမ်းအနားကို ဧပြီ ၁၇ ရက်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် စခန်းမေ့ဗွာရုံ၌ ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့်နှင့်ဇနီး ဒေါ်သဇ္ဇာဝင်းစိန်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးချစ်ဦးနှင့် ဇနီး၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများနှင့် ဇနီးများ၊ အရာရှိစစ်သည်မိသားစုများနှင့် ကန်တော့ခံ အဘိုး၊ အဘွားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကန်တော့ခံ အဘိုး၊ အဘွားများအား အခမ်းအနား တက်ရောက်လာကြသော အရာရှိစစ်သည် မိသားစုများနှင့် မိတ်ဆက်ပေးပြီး တိုင်းမှူးနှင့် အရာရှိ စစ်သည် မိသားစုများက အသက် ၇၀ ကျော်အဘိုး၊ အဘွား ၁၉ ဦးအား အဝတ်အထည်၊ ဝတ္ထုငွေများဖြင့် ပူဇော်ကန်တော့ကြသည်။ ယင်းနောက် ကန်တော့ခံအဘိုး၊ အဘွားများအား စားသောက်ဖွယ်ရာများဖြင့် ကျွေးမွေးပြုစု လှူဒါန်းကြသည်။

တက်ရောက်

ယင်းနောက် တိုင်းမှူး၊ ဇနီးနှင့် အဖွဲ့သည် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသော မြန်မာနှစ်ဆန်း ၁ ရက် ဒွါဒသမအကြိမ် သက်ကြီးပူဇော်ပွဲ အခမ်းအနားသို့ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့များ၊ တောင်ကြီးမြို့ပေါ် ရပ်ကွက်များမှ အလှူရှင်များနှင့်အတူ တက်ရောက်ကြသည်။

ထို့နောက် တိုင်းမှူးနှင့်အခမ်းအနား တက်ရောက်လာကြသူများက ကန်တော့ခံ အသက် ၈၀ အထက် အဘိုး၊ အဘွား ၅၈၇ ဦးတို့အား အဝတ်အထည်၊ လှူဖွယ်ဝတ္ထုများဖြင့် ပူဇော်ကန်တော့ကြပြီး တိုင်းမှူးနှင့် ဇနီးတို့က ကန်တော့ခံ အဘိုး၊ အဘွားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ဘေးမဲ့လွှတ်

ယင်းနောက် တိုင်းမှူးနှင့်အဖွဲ့သည် တောင်ကြီးမြို့ ကန်ရှေ့ရပ်ကွက် မြကန်သာအပန်းဖြေဥယျာဉ်အတွင်း မြကန်သာကန်၌ ကျင်းပသည့် ၁၃၇၁ ခုနှစ်၊ မြန်မာနှစ်ဆန်း ၁ ရက် ဇီဝိတဒါန စုပေါင်း ငါးလွှတ်ပွဲသို့ တောင်ကြီးမြို့ပေါ်ရပ်ကွက်များမှ ဓမ္မစကြာဝတ်အသင်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မဟာသကြ်န်ယိမ်းအဖွဲ့များ၊ ဖိတ်ကြားထားသူများနှင့်အတူ ရွှေဝါငါးကြင်း အကောင် ၅၀၀၀၀ ကျော်အား မြကန်သာအတွင်းသို့ ဇီဝိတဒါန ဘေးမဲ့လွှတ် ကုသိုလ်ယူခဲ့ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

(ကြေးမုံ)

စွမ်းအင်ဝန်ကြီးဌာန ရေနံနှင့်သဘာဝဓာတ်ငွေ့ အထွက်တိုးရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဧပြီ ၂၅

စွမ်းအင်ဝန်ကြီးဌာန ရေနံနှင့်သဘာဝဓာတ်ငွေ့အထွက်တိုးရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ ကျင်းပရာ ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး၊ ညွှန်ကြားရေးမှူးများ၊ ရေနံမြေအထွေထွေမန်နေဂျာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

မှာကြား

အစည်းအဝေးတွင် ဝန်ကြီးက ပြည်တွင်းသုံးစွဲမှု ဖူလုံစေရန်အတွက် ရေနံနှင့် သဘာဝဓာတ်ငွေ့ ထပ်မံတိုးတက် တူးဖော်ထုတ်လုပ်သွားရန် ဖြစ်သကဲ့သို့ တစ်ဖက်မှလည်း လေလွင့်ဆုံးရှုံးမှုမဖြစ်စေရန်နှင့် မသမာမှုများ ပပျောက်ရေးတို့အတွက် အဆင့်ဆင့် ကြပ်မတ်ထိန်းသိမ်းသွားရန်၊ ခေတ်မီနည်းစနစ်များကိုသုံး၍ ရေနံမြေများအလိုက် ရေနံနှင့်သဘာဝဓာတ်ငွေ့ တိုးတက်ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်သွားကြရန် စသည်ဖြင့် မှာကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ အစည်းအဝေး တက်ရောက်လာကြသော ရေနံမြေအထွေထွေမန်နေဂျာများက မိမိတို့ ရေနံမြေအလိုက် လက်ရှိရေနံထုတ်လုပ်နေမှုအခြေအနေနှင့် ရေနံနှင့်သဘာဝဓာတ်ငွေ့အထွက်တိုးရေးအတွက် စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကိုရှင်းလင်းတင်ပြကြရာ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး၊ ညွှန်ကြားရေးမှူးများနှင့် ဒုတိယဝန်ကြီးတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့အထွက်တိုးရေးအတွက်အလေးအနက်ထားပြီး ချမှတ်ပေးသော စီမံချက်အတိုင်းအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်၊ ငွေကြေးသုံးစွဲမှုနှင့်ပတ်သက်၍ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ အဆင့်ဆင့်စနစ်တကျ စိစစ်သုံးစွဲသွားကြရန်နှင့် ရေနံမြေအသစ်များ၊ တွင်းသစ်များ ရှာဖွေတူးဖော်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားပြီးရေနံနှင့်သဘာဝဓာတ်ငွေ့များဆက်လက်ရှာဖွေတူးဖော်မည့် အစီအမံများဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရှင်းလင်းတင်ပြ

စည်ပင်သာယာရေးဦးစီးဌာန (ရုံးချုပ်) မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွန့် ဧပြီ ၅ရက်က ကလောမြို့ မောမြေဦး ပန်းခြံ၌ ပန်းအလှပင်များ စိုက်ပျိုးထားမှုကို ကြည့်ရှုစစ်ဆေးရာ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေနှင့် အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးအောင်မင်းနိုင်တို့ ရှင်းလင်းပြောကြားကြစဉ်။

(သတင်းစဉ်)

သိမှတ်ဖွယ်ရာ ပြည်တွင်းသတင်းပဒေသာ

ကြေးမုံ The Mirror

အခြေခံအသက်ကယ်ပြုစုနည်း ဟောပြောပွဲကျင်းပ

ဧပြီ ၉ မီးသတ်ဦးစီးဌာနရှိ တပ်ဖွဲ့ဝင်များနှင့် မိသားစုများအား ကျန်းမာရေးဦးစီးဌာနမှ ရုတ်တရက် အသက်ရှူရပ်ခြင်းနှင့် နှလုံးခုန်ရပ်သွားသော လူနာအား အမြန်ဆုံး အသက်ကယ်ဆယ်ခြင်းအကြောင်း၊ ရေနစ်ခြင်း၊ လေဖြတ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ ရုတ်တရက် နှလုံးခုန်ရပ်သွားပါက အချိန်မီ ကယ်တင်နိုင်ရန် နှလုံးကာကွယ်ရေးနှင့် အခြေခံအသက်ကယ် အထောက်အကူပြုနည်းစနစ်များကို ဟောပြောပို့ချခဲ့သည်။

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၁၂) သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြအခမ်းအနားကျင်းပ

ဧပြီ ၁၀ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁၂)သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနား ကို ဗထူးတပ်မြို့ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း စစ်ရေးပြကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

ရပ်စောက်မြို့နယ် အင်တောကျောက်ဂူဒေသရှိ မြေလွတ်မြေရိုင်းများကို ဖော်ထုတ်စိုက်ပျိုးလျက်ရှိ

ဧပြီ ၁၁ ရပ်စောက်မြို့နယ် အင်တောကျောက်ဂူဒေသတွင် မြေလွတ်မြေရိုင်းများကို ဖော်ထုတ်စိုက်ပျိုးရန် ပုဂ္ဂလိက လုပ်ငန်းရှင်များအား ဧက ၃၂၀၀၀ ကျော် ခွင့်ပြုထားခဲ့ရာတွင် ယခုအခါ ဧက ၄၀၀၀ ကျော် ဖော်ထုတ်၍ နှစ်ရှည်နှင့် ရာသီသီးနှံများကို စိုက်ပျိုးကြသည်။

အာဆီယံဘဏ္ဍာရေးဝန်ကြီးများ သီးသန့်ဆွေးနွေးပွဲနှင့် (၁၃)ကြိမ်မြောက်အာဆီယံဘဏ္ဍာရေးဝန်ကြီးများအစည်းအဝေးကျင်းပ

ဧပြီ ၁၂ အာဆီယံစီးပွားရေး အသိုက်အမြုံ ကြေညာစာတမ်းနှင့် အာဆီယံသဘောတူညီချက်ဆိုင်ရာ လုပ်ငန်းများ တိုးတက်မှု အခြေအနေကို အာဆီယံအတွင်းရေးမှူးချုပ်က တင်ပြပြီး ဝန်ကြီးများက ရည်မှန်းချက်များ အောင်မြင်ရန်အတွက် လိုအပ်ချက်များအပေါ် ဆွေးနွေးကြသည်။

မဟာဝိဇယစေတီတော်ကြီး၌ ဘာနုရာဇာနေမင်းကြီးက မြတ်စွာဘုရားအားဦးခိုက်ပူဇော်

ဧပြီ ၁၃ မဟာဝိဇယစေတီတော် ဂန္ဓကုဋိတိုက်အတွင်းရှိ မြတ်စွာဘုရား ဆင်းတုတော်မြတ်ကို ဘာနုရာဇာနေမင်းကြီးသည် မိမိအလင်းရောင်ဖြင့် မြန်မာသက္ကရာဇ် ၁၃၇၁ ခုနှစ် ဦးတန်ခူးလပြည့်ကျော် ၈ ရက်(မြန်မာနှစ်ဆန်း ၁ရက်နေ့) ဧပြီ ၁၇ရက် နံနက် ၈ နာရီ ၃၅မိနစ်တွင် တစ်ကြိမ်၊ ထိုနေ့ ညနေ ၃ နာရီ ၂၅ မိနစ်တွင် တစ်ကြိမ် စုစုပေါင်း နှစ်ကြိမ်တိုင်တိုင် ဦးခိုက်ပူဇော်သည်။

ပြင်ဦးလွင်မြို့နယ်၌ ရတနာပုံမြို့သစ် စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်

ဧပြီ ၁၄ မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်၌ တည်ဆောက်လျက်ရှိသည့် ရတနာပုံမြို့သစ် တည်ဆောက်ရေးစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ၂၀၀၇ ခုနှစ်ဒီဇင်ဘာလ၌ ရတနာပုံ တယ်လီပို့ကို ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။ ကုမ္ပဏီပေါင်း ၁၈ ခုက ရတနာပုံမြို့သစ်၌ မြေကွက်များ ရယူပြီး စက်ရုံများတည်ဆောက်ရန် ပြင်ဆင်ဆောင်ရွက်နေပြီဖြစ်သည်။ Incubation Centre များကိုလည်း ငှားရမ်းအသုံးပြုရန် အဆိုပြုလျက်ရှိသည်။

ရဲရွာရေအားလျှပ်စစ်စီမံကိန်းပြီးစီးမှုအခြေအနေ

ဧပြီ ၁၅ မန္တလေးမြို့၏ အရှေ့တောင်ဘက် ၃၁ မိုင်အကွာ မြစ်ငယ်မြစ်ပေါ်၌ တည်ဆောက်လျက်ရှိသည့် ရဲရွာရေအားလျှပ်စစ်စီမံကိန်းတွင် ရဲရွာပင်မတမံသည် တည်ဆောက်ပြီးသော ကမ္ဘာ့တမံများ၌ စတုတ္ထ အမြင့်ဆုံးဖြစ်ပြီး ၂၀၀၆ခုနှစ် ဖေဖော်ဝါရီ ၇ ရက်မှ ၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်အတွင်း ပင်မတမံကိုပြီးစီးအောင် တည်ဆောက်နိုင်သည့်အတွက် အမြန်ဆုံး တည်ဆောက်မှု၌ နဝမအဆင့်ဖြစ်သည်။ ဆက်လက်တည်ဆောက်မည့် အထက်ရဲရွာရေလှောင်တမံသည် အမြင့်ပေ ၂၀၀၊ အလျား ပေ ၁၆၄၀ ရှိသည့် ကွန်ကရစ်တမံ အမျိုးအစားဖြစ်ပြီး ရေအားလျှပ်စစ် မဂ္ဂါဝပ် ၁၄၀ ထုတ်လုပ်နိုင်စွမ်းရှိမည်ဖြစ်သည့်အပြင် အောက်ပိုင်းရှိ ရဲရွာရေအားလျှပ်စစ်ထုတ်လုပ်မှုကို ပိုမိုခိုင်မာစေမှာဖြစ်သည်။

အထက်ဆည်တော်ကြီး ရေကူရေလှောင်တမံဘက်စုံစီမံကိန်း

ဧပြီ ၁၉ မန္တလေးမြို့ မတ္တရာမြို့နယ်ရှိ အထက်ဆည်တော်ကြီး ရေကူရေလှောင်တမံ ဘက်စုံစီမံကိန်းမှာ ရေအားလျှပ်စစ် တပ်ဆင်အား မဂ္ဂါဝပ် ၆၀ ဖြင့် နှစ်စဉ် လျှပ်စစ်ဓာတ်အား ၃၁၅ ကီလိုဝပ် နာရီသန်းပေါင်း ထုတ်ပေးနိုင်မည့်အပြင် လက်ရှိဆည်တော်ကြီးရေအားလျှပ်စစ် ထုတ်လုပ်မှုကို ပိုမိုတိုးတက်ခိုင်မာစေမည့် စီမံကိန်းဖြစ်သည်။ ထို့အပြင် ဆည်တော်ကြီး ရေလှောင်တမံသို့ ရေကူရေဖြည့်ပေးနိုင်သဖြင့် နွေစပါးစိုက်ဧက ၁၀၀၀၀ ခန့်ကို ထပ်မံတိုးမြှင့် စိုက်ပျိုးနိုင်မည်ဖြစ်သည်။

(26-4)11.pmd 1 4/26/2009, 3:10 AM

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ ပေရှိ "ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး" အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ)	၂၉၆၄ ချပ်	၁ ချပ်	ကျပ် ၁၆၂၀၀၀၀ နှုန်း
(၂) ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ)	၄၂၀၈ ချပ်	၁ ချပ်	ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း - ၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

ကျေးလက်လမ်း ဆောင်ရွက်ရန် ကျောက်စုဆောင်း

ရန်ကုန် ဧပြီ ၂၅

ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ကျေးလက်နေပြည်သူများ သွားလာမှု လွယ်ကူစေရေးအတွက် ကျေးလက်လမ်းများအား နှစ်စဉ်ဆောင်ရွက်ပေးလျက် ရှိသည်။ ၂၀၀၉ - ၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ပြွန်တန်ဆာ-အေးရွာ-ဂျို့ပင်လမ်း ကျောက်စုဆောင်းထားရှိမှုကို ဧပြီ ၂၀ ရက်က အမှုဆောင် အရာရှိ ဦးတင်ဌေးနှင့် အငယ်တန်း အင်ဂျင်နီယာ(၂)ဦးမြင့်ဇော်ဝင်းတို့ သွားရောက်ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ရွှေကြေးမုံ The Mirror အင်တာနက် ရာသီဥတု သိပ္ပံသတင်း

မြောက်ဝင်ရိုးစွန်း ရေခဲပြင်ကို တွေ့ရစဉ်။

ကမ္ဘာကြီး ပူနွေးလာမှုကြောင့် မြောက်ဝင်ရိုးစွန်းရေခဲပြင်ပျောက်ကွယ်နိုင်

ဘာသာပြန်-ရောမောင်

ဝါရှင်တန် ဧပြီ ၂၄

လာမည့် ၂၀၄၀ ပြည့်နှစ်ခန့်အရောက်တွင် မြောက်ဝင်ရိုးစွန်းဒေသ၌ ရေခဲပြင်များကို တွေ့မြင်နိုင်တော့မည် မဟုတ်ဟု သိပ္ပံပညာရှင်များက ဟောကိန်းထုတ်ထားကြောင်း ဘူမိရူပ သုတေသနစာတမ်းများ အမည်ရှိ ဂျာနယ်တွင် ဖော်ပြသည်။

လောလောဆယ်ကာလတွင် မြောက်ဝင်ရိုးစွန်းဒေသသည် တောင်ဝင်ရိုးစွန်းဒေသထက် ပိုမိုပူနွေးကြောင်း၊ အကြောင်းမှာ မြောက်ဝင်ရိုးစွန်းဒေသသည် ပင်လယ်သမုဒ္ဒရာတစ်စင်း၏ အလယ်ဗဟိုတွင် ပင်လယ်ရေမျက်နှာပြင်နှင့် တစ်ပြေးညီတည်ရှိနေခြင်းကြောင့် ဖြစ်ကြောင်း၊ သို့ဖြစ်၍ မြောက်ဝင်ရိုးစွန်းဒေသသည် ကမ္ဘာ့ကုန်းမြေတိုက်ပေါ်တွင် တည်ရှိနေသော တောင်ဝင်ရိုးစွန်းဒေသထက် အပူကို ပိုမိုစုပ်ယူနိုင်ကြောင်း အမေရိကန်ဘူမိဗေဒ ပညာရှင်များ၏ လေ့လာချက်တွင် ဖော်ပြသည်။

မြောက်ဝင်ရိုးစွန်းရှိ ပင်လယ်ရေခဲပြင်လွှာသည် ဒုအားဖြင့် နှစ်မီတာမှ သုံးမီတာအထိရှိကြောင်း၊ သို့ရာတွင် ကမ္ဘာကြီး ပူနွေးလာမှုကြောင့် မကြာသေးမီနှစ်များမှစ၍ ယင်းရေခဲပြင်လွှာသည် ပိုမိုကျုံ့လာနေကြောင်း အမေရိကန်နိုင်ငံ ကော်လိုရာဒို တက္ကသိုလ်ရှိ ဆီးနှင်းနှင့် ရေခဲသုတေသန ဗဟိုဌာနမှ သုတေသီ မတ်ဆားရက်ဇ်က ပြောကြားသည်။

ဧရိယာ စတုရန်းမိုင် ၅၄၁၀၀၀ရှိ အာတိတ်သမုဒ္ဒရာ၏ ပင်လယ်မျက်နှာပြင်မှာ များပါနေသော ရေခဲပြင်လွှာဖြင့် ဖုံးလွှမ်းခံထားရသည်။

သုတေသီများ၏ လေ့လာချက်များအရ အာတိတ်ရေပြင်တွင် ဆောင်းဥတု ရေခဲပြင်ဖွဲ့စည်းဖြစ်ပေါ်မှုကို ကမ္ဘာကြီး ပူနွေးလာမှုက အဟန့်အတားပြုနေသည်ဟု သိရသည်။

အင်တာနက်။

မုဒုံ၌ သစ်မာယူကလစ်သားဖြင့် ဆောက်လုပ်သည့်တန်ဖိုးနည်း အိမ်ရာကို ကြည့်ရှုလေ့လာ

ရန်ကုန် ဧပြီ ၂၅

သစ်တောရေးရာဝန်ကြီးဌာန၏ လုပ်ငန်းညွှန်ကြားချက်ကို အကောင်အထည်ဖော်သည့်အနေဖြင့် မွန်ပြည်နယ် မုဒုံမြို့နယ် သစ်တောဦးစီးဌာနက တာပသွန်အမြဲတမ်း ပျိုးဥယျာဉ်၌ သစ်မာယူကလစ်သားဖြင့် ဆောက်လုပ်ပြသထားသည့် တန်ဖိုးနည်းအိမ်ရာ **(အောက်ပုံ)**ကို မော်လမြိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးထွန်းအေးနှင့် ဝန်ထမ်းများ၊ ရိုးဂိုးနှင့် ဖားအောက်ကျေးရွာတို့မှ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ စုစုပေါင်း ၁၀၀ခန့်တို့သည် ဧပြီ ၁၀ ရက်တွင် သွားရောက်ကြည့်ရှုလေ့လာကြရာ မုဒုံမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမန်းတင်ထွန်းကြည်က တန်ဖိုးနည်းအိမ်ရာနှင့်စပ်လျဉ်းသည်များကို ရှင်းလင်းပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မျက်စိ အခမဲ့စမ်းသပ်ခွဲစိတ်ကုသပေးမည့်အဖွဲ့ ရန်ကုန်မှ အမ်းမြို့သို့ ထွက်ခွာ

ရန်ကုန် ဧပြီ ၂၅

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၏ ဦးဆောင်မှုဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များ ပူးပေါင်းပါဝင်ဆောင်ရွက်မည့် ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ မျက်စိဝေဒနာရှင်များအား အမ်းမြို့ အထွေထွေရောဂါကုဆေးရုံကြီး (ခုတင်-၁၀၀)တွင် မျက်စိအခမဲ့ စမ်းသပ်ခွဲစိတ်ကုသပေးရန်အတွက် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့် ခေါင်းဆောင်သည့် မျက်စိအထူးကုဆရာဝန်ကြီးများပါဝင်သော ၄၃ ဦးပါအဖွဲ့သည် ဧပြီ၂၅ရက် နံနက်စနာရီတွင် ရန်ကုန်မြို့မှ အမ်းမြို့သို့ မြန်မာ့လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၆-၄-၂၀၀၉ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်-ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅:၁၅	MRTV-4 နံနက်ခင်းသတင်း
၆:၀၀	"ဖြည့်၍မပြည့်နိုင်ပါလား" တရားတော် (ဆရာတော်အရှင်ပုညာနန္ဒ)
၇:၀၀	ရတနာသိုက်ရှာပုံတော် (အပိုင်း-၁၆)
၇:၃၀	TOM & JERRY
၈:၀၀	MRTV-4 နံနက်ခင်းသတင်း
၈:၄၅	Sunday Talk ကိုကိုလှိုင်၊ မျိုးမြတ်သူ၊ ကိုကို(စက်မှုတက္ကသိုလ်)
၉:၃၅	များများသယ်၊ မြန်မြန်ပို့၊ ပြည်သူတွေ စိတ်ချမ်းသာဖို့
၉:၅၀	Myanmar Video Rhythm
၁၀:၁၅	"ရွှေဖြူ"ဟုခေါ်သည်(အပိုင်း-၁)
၁၀:၄၀	Fashion Guide (Bio-essenceမိတ်ဆက်ပွဲ အခမ်းအနား)
၁၀:၅၅	မြန်မာ့ဆေးဖက်ဝင် အမည်ဆန်း "တပင်တိုင်မြနန်း"
၁၁:၂၅	စားချင်စဖွယ် နည်းအသွယ်သွယ် (ကွာလာလမ်ပူမြို့မှ စွဲမက်ဖွယ်ရာအစားအသောက်များအကြောင်း)
၁၁:၅၀	အမျိုးနှင့်မျိုး [နေမျိုးအောင်၊ မိုးပြည့်ပြည့်မောင်၊ ဈေး၊ ဝင်းနိုင်(အနုပညာ)] (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
၁၂:၀၅	ဂီတသမားတို့ရဲ့ရင်ခုန်သံများ (မြရိပ်ညိုရဲ့ Rock & Hip Hop Show)
၁၂:၂၅	Orchard Families(အပိုင်း-၂)
၁:၁၀	"ဖြည့်၍မပြည့်နိုင်ပါလား" တရားတော် (ဆရာတော်အရှင်ပုညာနန္ဒ)
၂:၀၀	အဝလွန်ခြင်းပြဿနာနှင့် ကိုယ်အလေးချိန် ထိန်းသိမ်းခြင်း နည်းလမ်းများ (Current Concepts on Management of Obesity)
၂:၁၅	Own Creative Fashion
၂:၂၅	ခံစားချက်ပေါင်းစုံရာ.... ပေလီကမ်းခြေသာ
၂:၄၀	ယဉ်ကျေးလိမ္မာကလေးကဗျာ (ဦးတင်ချို့ဦးနှင့်တွေ့ဆုံခြင်း)
၃:၀၅	ဆံကေသာအလှဆင်ရာဝယ်
၃:၂၀	တေးဂီတအစီအစဉ်
၃:၄၀	ဝါးယင်းလိပ်ရဲ့ ယင်းပန်းချီအလှ
၄:၀၅	ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ် တေးအရသာ (စန္ဒရား တင်ဝင်းလှိုင်၊ ကိုမြသိန်း)
၄:၃၀	ဓာတ်ပုံထဲမှအမှတ်တရများ (ဟဲလေး)
၄:၅၅	VJ Choice
၅:၂၅	Sports World
၆:၀၀	MRTV-4 ညနေခင်းသတင်း
၆:၁၅	Science Tech Today မုန်တိုင်းများ(အပိုင်း-၂)
၆:၅၀	Fashion Guide (Bio-Essence မိတ်ဆက်ပွဲ အခမ်းအနား)
၇:၀၅	International Video Topics (ဝမ်းကြာတိုက် အတွင်းမှလူ့ဘဝခရီးအစ)
၇:၄၀	ဂီတသမားတို့ရဲ့ရင်ခုန်သံများ (မြရိပ်ညိုရဲ့ Rock & Hip Hop Show)
၈:၀၀	MRTV-4 သတင်း
၈:၁၅	တေးဂီတအစီအစဉ်
၈:၃၅	Sunday Talk [ကိုကိုလှိုင်၊ မျိုးမြတ်သူ၊ ကိုကို(စက်မှုတက္ကသိုလ်)]
၉:၃၀	ကဏ္ဍစုံလင်အားကစား အစီအစဉ်
၁၁:၃၀	ရတနာသိုက်ရှာပုံတော် (အပိုင်း-၁၆)
၁၂:၀၀	VJ Choice
၁၂:၂၅	Orchard Families (အပိုင်း-၂)
၁၂:၂၅	Own Creative Fashion
၁:၀၀	အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တာနာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တာနာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclay Premier League ပွဲစဉ်(၃၄)ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆:၅၅	Arsenal-Middlesbrough	ESPN(Live)
၆:၅၅	Blackburn-Wigan	ESPN(Live)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကျိုင်းတုံမြို့ ဖွံ့ဖြိုးတိုးတက်မှု လှည့်လည်ကြည့်ရှု
နမ့်စန်-ကျိုင်းတုံ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း ကျိုင်းတုံဘူတာယာဒ်ဝင်း တည်ဆောက်ရေးလုပ်ငန်းများ စစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် နမ့်စန်-ကျိုင်းတုံ ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းတွင် ကျိုင်းတုံ ဘူတာယာဒ်ဝင်း တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဧပြီ ၂၅

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ အစိုးရအဖွဲ့- အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် ဧပြီ ၂၄ ရက် နံနက်ပိုင်းတွင် နေပြည်တော်မှ မြန်မာ့လေကြောင်းလေယာဉ်ဖြင့် ထွက်ခွာခဲ့ရာ နံနက် ၉ နာရီ ၄၅ မိနစ်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့သို့ ရောက်ရှိသည်။

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များအား ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဖြိုး၊ တပ်မတော်အရာရှိကြီးများနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကျိုင်းတုံလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကျိုင်းတုံမြို့၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✧

ကြေးမုံ The Mirror

သတင်း၊ဆောင်းပါး အညွှန်း

❑ စောလှအောင်၏ "**လာချင်ရင် အနီးကလေး**" (ဆောင်းပါး) စာမျက်နှာ ၆

❑ ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် ကဒွပ်နကျေးရွာအနီး၌ ကဒွပ်နရေထိန်းတံခါးဖွင့် (သတင်း) စာမျက်နှာ ၁၀

ကြေးမုံ The Mirror

အင်တာနက်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးသတင်း

ကန္တာရများဖြစ်ထွန်းမှု တားဆီးရေး ဂျပန်သိပ္ပံပညာရှင်များ တိုက်တွန်း

ဘာသာပြန်-စံစံ

တိုကျို ဧပြီ ၂၄

နှစ်စဉ် ကမ္ဘာမြေမျက်နှာပြင်၏ နယ်မြေ ဟက်တာခြောက်သန်းခန့်မှာ သဲကန္တာရ အဖြစ်သို့ ပြောင်းလဲသွားကြောင်း၊ သဲကန္တာရ ဖြစ်ထွန်းပေါ်ပေါက်မှုသည် ၂၁ရာစု၏ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ အဓိက ပြဿနာတစ်ရပ်ဖြစ်လာနိုင်ကြောင်းဂျပန်သိပ္ပံပညာရှင်များ၏လေ့လာချက်တစ်ရပ်တွင် ဖော်ပြသည်။

သဲကန္တာရ ဖြစ်ထွန်းပေါ်ပေါက်မှုကြောင့် ကမ္ဘာ့စားနပ်ရိက္ခာ ထုတ်လုပ်မှုကို ထိခိုက်စေနိုင်ကြောင်း ဂျပန်နိုင်ငံတော်တိုရီတက္ကသိုလ်အောက်ရှိ လွင်တီးခေါင်မြေ သုတေသန ဗဟိုဌာန (Arid Land Research Centre)နှင့် သဲကန္တာရများ စိမ်းလန်းစိုပြည်ရေးအသင်း (Association For Greening Deserts) တို့၏ ပူးတွဲလေ့လာချက်တွင် ဖော်ပြသည်။

ဂျပန်နိုင်ငံသည် သဲကန္တာရ ဖြစ်ထွန်းပေါ်ပေါက်မှု ပြဿနာကို တွေ့ကြုံရခြင်းမရှိသော်လည်း ကမ္ဘာ့ကုန်းမြေ မျက်နှာပြင်၏

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳

သောက်သုံးရေနှင့်စိုက်ပျိုးရေ ဖြန့်ဖြူးပေးနေသော သာစည်မြို့နယ်က မင်းလှကန်

သတင်းမြင်ကွင်း-မြင့်မောင်စိုး
ဓာတ်ပုံ-မောင်မောင်သန့်

နိုင်ငံတော်က မြို့ရွာများ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်ရမည်ဟူသော ဦးတည်ချက်ဖြင့် အနယ်နယ်အရပ်ရပ်ရှိ မြို့ရွာများအား မွမ်းမံပြင်ဆင်မှု၊ အသစ်တည်ဆောက်မှုများပြုလုပ်ကာ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့အဆင့်မြှင့်တင်ပေးလျက်ရှိရာတွင် အခြေခံအဆောက်အအုံများဖြစ်သည့် တက္ကသိုလ်များ၊ ကျောင်းများ၊ လမ်းမကြီးများ၊ ဆေးရုံဆေးခန်းများ၊ ဈေးများ၊ တယ်လီဖုန်းလိုင်းသစ်များ၊ မီးရထားလမ်းသစ်များနှင့် အခြားဖွံ့ဖြိုးရေးစီမံကိန်းများအပြင် သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် အခြေခံအရင်းအမြစ်များဖြစ်သည့် ရေတွင်း၊ ရေကန်နှင့် ဆည်မြောင်း တာတမံများအား အသစ်တည်ဆောက်ခြင်း၊ပြုပြင်မွမ်းမံခြင်းတို့ကို နိုင်ငံတော်မှ ငွေကြေးမြောက်မြားစွာ အကုန်အကျခံပြီး ဖြည့်ဆည်းပေးလျက်ရှိပေသည်။

ကျွန်တော်တို့သတင်းအဖွဲ့သည် မြန်မာပြည် အလယ်ပိုင်းမှ အချက်အချာကျသည့် သာစည်မြို့၏ဖွံ့ဖြိုးတိုးတက်လာမှုများကို မကြာမီက ကွင်းဆင်းရေးသားခဲ့ရာ သာစည်မြို့နယ်

စာမျက်နှာ ၉ ကော်လံ ၄ သို့ ❍

သာစည်မြို့ သန့်ရှင်းသော သောက်သုံးရေရရှိရေး မင်းလှကန်မှ ရေများကို ဤသို့ ရေစစ်ကန်များဖြင့် အဆင့်ဆင့် စစ်ယူနေစဉ်။